ကြေးမုံ The Mirror

၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ စနေနေ့၊ (19-8-2006) (၅၀၅၄)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာမာ့(ခ်)ကန်းနင်း ၎င်း၏ ခန့်အပ်လွှာပေးအပ်

နေပြည်တော်   ဩဂုတ်   ၁၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာမာ့(ခ်)ကန်းနင်းသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာမာ့(ခ်) ကန်းနင်းအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာမာ့(ခ်)ကန်းနင်းက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

ဆောင်းပါး အညွှန်း

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ၂၃–၄–၁၉၉၉ ရက်နေ့တွင် "ပြည်ထောင်စု စိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၊ ဘိန်းဖြင့် အသက်မွေးလုပ်နေးသည် သမ္မာအာဇီဝမဟုတ်ဘဲ လူသားမျိုးနွယ်ကို ပျက်စီးစေသည့် လူ့အဖွဲ့အစည်းအတွက် မကောင်းသော လုပ်ငန်းများ ဖြစ်သည်ဟူသော အသိတရားရရှိလာစေရေး" တို့အတွက် စည်းရုံးဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။

ခြင်ကျား(မအူပင်)၏ ***"နိုင်ငံတကာအမြင်နှင့် ပူးပေါင်း၊ အမျိုးသားရေးအသိနှင့်ကာကွယ်"***
(ဆောင်းပါး) စာမျက်နှာ–၈/၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၉–၈–၂၀၀၆
(စနေနေ့)

စွမ်းရည်မြင့်မားသည့် တိုင်းရင်းသားလူငယ်များ လေ့ကျင့်ပျိုးထောင်

ယနေ့ကာလတွင် နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိရာ တိုင်းရင်းသား ပြည်သူများ၏ လူနေမှုအဆင့်အတန်းသည် သိသာထင်ရှားစွာ တိုးတက်မြင့်မားလာနေပြီဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရ ကွန်ပျူတာကောလိပ်တို့ကို တည်ထောင်ဖွင့်လှစ်ပေးထားရာ တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များကို မိမိတို့ဒေသအတွင်း၌ပင် လွယ်လင့်တကူ လေ့လာသင်ယူနိုင်ကြပြီဖြစ်သည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် အခြေခံပညာကျောင်းများကို တိုးမြှင့်တည်ဆောက်ဖွင့်လှစ်ပေးထားသည့်အပြင် လူငယ်လူရွယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်သည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ ကျောင်းကိုလည်း ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိသည်။

အခြေခံပညာအပြင် အဆင့်မြင့်ပညာများ ဆည်းပူးနိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ဖွင့်လှစ်၍ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင် ဒီပလိုမာရရှိသူများကို မွေးထုတ်ပေးလျက်ရှိသည်။

အလားတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက မိုင်းလားမြို့နှင့် ပန်ဆန်းမြို့တို့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းများကို ဖွင့်လှစ်ထားရာ အခြေခံအဆောက်အအုံသင်တန်း၊ အခြေခံစက်ပြင်သင်တန်း၊ အခြေခံလျှပ်စစ်နှင့် ဂဟေသင်တန်းများ၌ ဒေသခံတိုင်းရင်းသားလူငယ်များ တက်ရောက်သင်ကြားနေကြပြီဖြစ်သည်။

နိုင်ငံတော်က နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိရာ တိုင်းရင်းသားလူငယ်များ၏ စက်မှုစွမ်းရည်မြှင့်တင် အားပေးမှုများနှင့်အတူ အသိပညာရှင်၊ အတတ်ပညာရှင်၊ စက်မှုပညာရှင်များ ပေါ်ထွက်လာမည် ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သဇင်လမ်း ရွှေသံလွင်ပန်းလှိုင်အိမ်ရာနေ ဦးကျော်ဝင်းအောင်–ဒေါ်မြမြမိုး မိသားစုက ဗဟန်းမြို့နယ် ဓီဝိတဒါန သံဃာ့ဆေးရုံကြီး တိုးချဲ့ဆေးရုံအဆောက်အအုံအတွက် အလှူငွေ ကျပ်ငါးသိန်း သုံးသောင်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က–ပ)

မနောသုခကျောင်းတိုက် မိုးကုတ်တရားစခန်း

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် မနောသုခကျောင်းတိုက် မိုးကုတ်အဖွဲ့ခွဲ (၁၂၅) တွင် ပဓာန နာယကအဖွဲ့ချုပ် ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ ပရမကြီးမှူး၍ ပဋိစ္စသမုပ္ပါဒ်သင်တန်းပြဆရာကြီး ဦးကျော်မင်း၊ ဆရာမကြီး ဒေါ်ဝိဇ္ဇာသိင်္ဂီနှင့် ကထိက သစ္စာရဲမင်း(ဘီအက်စ်စီ)တို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်ကို စက်တင်ဘာ ၂၂ ရက် (သောကြာနေ့)မှ စက်တင်ဘာ ၂၈ ရက် (ကြာသပတေးနေ့)အထိ တရားစခန်းဖွင့်လှစ်ဟောကြားပြသမည် ဖြစ်သည်။

တရားစခန်းဝင်မည့် ယောဂီများ နိုင်ငံသားစိစစ်ရေးကတ်နှင့်အတူ စက်တင်ဘာ ၂၁ ရက် (ကြာသပတေးနေ့) အရောက်လာကြရမည်ဖြစ်သည်။ စေတနာရှင်များ အရုဏ်ဆွမ်းကျပ် ၁၅၀၀၀၊ နေ့ဆွမ်းကျပ်နှစ်သောင်း၊ အချိုပွဲကျပ်တစ်သောင်းနှင့် ဖျော်ရည်ကျပ်ငါးထောင်ဖြင့် လှူဒါန်းနိုင်ကြောင်းနှင့် အသေးစိတ် သိလိုပါက ဖုန်း–၀၉၅၁ ၀၅၅၈၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသမီး မျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာ ရောဂါများအကြောင်း အသိပေး ပညာပေးခြင်း၊ ရောဂါရှာဖွေဖော်ထုတ် ကုသပေးခြင်းနှင့် ဆေးပဒေသာပင် လှူဒါန်းခြင်း အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းထံ အမျိုးသမီး မျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါ ကုသရေး လုပ်ငန်းများအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကင်ဆာရောဂါများအကြောင်း အသိပညာပေး၊ ဆေးပဒေသာပင်လှူဒါန်း တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး တက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီး မျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါများအကြောင်း အသိပညာပေးခြင်း၊ ရောဂါရှာဖွေဖော်ထုတ်ကုသပေးခြင်းနှင့် ဆေးပဒေသာပင် လှူဒါန်းခြင်း အခမ်းအနားကို ဩဂုတ် ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကား ပြောကြားသည်။

ထို့နောက် အမျိုးသမီး မျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါကုသရေးလုပ်ငန်းများအတွက် ဦးချစ်မွှေး (သပြေညို အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)က ငွေကျပ် သုံးသိန်း၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က ငွေကျပ် ငါးသိန်း၊ ဒေါ်သဇင်ညွန့်(ဒါရိုက်တာ Smart Technical Service)နှင့် ဦးရောက်စမ်း၊ ဦးအောင်ကျော်လွင် (Yangon Crown Wire and Cable Co., Ltd.)တို့က ငွေကျပ် ငါးသိန်းစီ၊ ဦးသိန်းမောင်–ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၃၀၀၀၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသိန်းဟန်က ငွေကျပ် နှစ်သိန်း စုစုပေါင်းငွေကျပ် ၂၃၀၃၀၀၀ကိုပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက လက်ခံသည်။

ယင်းနောက် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာအောင်မြင့်၊ ကထိက အထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ကြည်ကြည်ညွန့်နှင့် ပါမောက္ခ ဒေါက်တာ ဒေါ်အေးအေးမြင့် တို့က အမျိုးသမီးမျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါများနှင့်စပ်လျဉ်း၍ ပညာပေးဟောပြောကြသည်။ ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမျိုးသမီး ကင်ဆာရောဂါ ကုသရေးလုပ်ငန်းများအတွက် ဆေးပဒေသာပင် အလှူငွေကျပ် ၁၁၀၀၀၀၀ ကို မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းထံ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ဆေးရုံအတွင်း ကင်ဆာရောဂါ ရှာဖွေစမ်းသပ်မှု ခံယူလိုသည့် အမျိုးသမီးများအား ရောဂါရှာဖွေစမ်းသပ်ပေးနေမှု၊ ကင်ဆာရောဂါဝေဒနာရှင် အမျိုးသမီးများအား ကုသပေးနေမှုနှင့် ကင်ဆာရောဂါဆိုင်ရာ ပြခန်းငယ်တို့ကို လိုက်လံကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထက(၁) လမ်းမတော်တွင် ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

အထက(၁) လမ်းမတော်ကျောင်း၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုကို ဩဂုတ် ၁၅ရက်က စွမ်းအားခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုကိုက အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာကျန်းမာရေးအဖွဲ့ခွဲခေါင်းဆောင် ဒေါက်တာဒေါ်လေးခိုင် **(ယာပုံ)** က အေအိုင်ဒီအက်စ်ရောဂါနှင့်ပတ်သက်၍ မိမိဆန္ဒအလျောက် လျှို့ဝှက်စွာ နှစ်သိမ့်ဆွေးနွေး၍ သွေးစစ်ဆေးမှုခံယူခြင်း အကြောင်းကို လည်းကောင်း၊ ဒု–ခေါင်းဆောင် ဒေါက်တာဒေါ်မိမိလှိုင်က သန့်လေးသန့်အကြောင်းသိကောင်းစရာ ကိုလည်းကောင်း ဟောပြောကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းနှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

(ပညာရေး)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တမံအတွင်း ငါးမျိုးစုံစိုက်ထည့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏တမံများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ် (၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရုံးနောက်ဘက်ရှိ ပိတောက်မြောင်တမံ(၃)၌ကျင်းပရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

စိုက်ထည့်

အခမ်းအနားတွင် ဝန်ကြီးဗိုလ်မှူးကြီး ဇော်မင်းနှင့် ဒုတိယဝန်ကြီး ဦးမျိုးမြင့်တို့သည် ပိတောက်မြောင် တမံ(၃)၌ ငါးမြစ်ချင်း၊ ငါးကြင်းစသည့် ငါးသားပေါက်များကို စိုက်ထည့်ပေးသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများက ငါးသားပေါက်များကို စိုက်ထည့်ပေးကြသည်။

အလားတူ ပိတောက်မြောင်တမံ(၁)၊ ပိတောက်မြောင်တမံ(၂)တို့တွင်လည်း ဝန်ထမ်းများက ငါးသားပေါက် ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀၊ ငါးခုံးမကောင်ရေ ၅၀၀၀၀၊ တီလားပီးယားကောင်ရေ ၅၀၀၀၊ ငါးသိုင်းခေါင်းပွကောင်ရေ ၃၀၀၀၊ မြက်စားငါးကြင်းကောင်ရေ ၂၀၀၀ စုစုပေါင်း ငါးမျိုးစုံကောင်ရေ ၁၁၀၀၀၀ စိုက်ထည့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅) ရပ်ကွက် ဓမ္မရက္ခိတဖြူးမဟာစည် သာသနာ့ရိပ်သာ၌ ဘဒ္ဒန္တနရပတိ (သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ) ဖြူးဆရာတော်ကြီး ကိုယ်တိုင် မဟာစည် သတိပဋ္ဌာန် ဝိပဿနာတရားတော်များကိုစက်တင်ဘာ ၇ ရက်မှ ၁၆ ရက်အထိ ၁၀ ရက်တိုင် ဟောပြောပို့ချမည်ဖြစ်ရာ ယောဂီများ စက်တင်ဘာ၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီအရောက် အိပ်ရာလိပ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပါ တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်းလှူဒါန်းလိုသော အလှူရှင်များသည် ရိပ်သာ ဖုန်း–၅၃၀၀၆၈၊ ၅၀၁၈၄၆(လိုင်းခွဲ–၁၈၁)၊ ၀၉၅၀–၁၇၅၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

စိုက်ပျိုးရေးကိုအခြေခံပြီး နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိအောင် ဆောင်ရွက်လျက်ရှိ ရှမ်းပြည်နယ် (အရှေ့ပိုင်း)သည် စိုက်ပျိုးရေးဖြစ်ထွန်းမည့် ရေခံမြေခံကောင်းနှင့် နယ်မြေကျယ်ဝန်းမှုရှိနေ ဒေသဝမ်းစာဖူလုံရေး ဆန်စပါးစိုက်ပျိုးခြင်းအပြင် အချိန်တိုအတွင်း အပိုဝင်ငွေရရှိမည့် သီးနှံမျိုးစုံစိုက်ပျိုး

နေပြည်တော် ဩဂုတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီတွင် ကျိုင်းတုံမြို့ မြို့နယ်ခန်းမ၌ကျင်းပသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၅–၂၀၀၆ ခုနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများချီးမြှင့်သည်။

ထူးချွန်ဆု ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တပ်မတော် စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ၂၀၀၅–၂၀၀၆ ခုနှစ် သီးနှံစိုက်ပျိုး ထူးချွန်ဆုရရှိကြသော ခရိုင်နှင့် မြို့နယ်များနှင့် တောင်သူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်က ရှမ်းပြည်နယ် (အရှေ့ပိုင်း)၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ လယ်ယာကဏ္ဍသီးနှံစိုက်ပျိုးထုတ်လုပ်ရေး အမှန်တိုးတက်နေမှုကို ဖော်ထုတ်ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားဖြစ်ပါကြောင်း၊ ဒေသခံသီးနှံစိုက် တောင်သူများအနေဖြင့် သီးနှံအထွက်တိုး နည်းပညာများကို စနစ်တကျ အမှန်တကယ်သိရှိလိုက်နာ ကျင့်သုံးဆောင်ရွက်ခြင်း၏ အကျိုးရလဒ်ကို ဂုဏ်ယူဖော်ထုတ်ချီးမြှင့်ပေးလိုသည့်အတွက် ယခုလိုဆောင်ရွက်ခြင်းဖြစ်ကြောင်း။

၂၀၀၅–၂၀၀၆ ခုနှစ် နွေစပါးမှာ တစ်ဧကတင်း ၁၂၀နှင့်အထက် ယှဉ်ပြိုင်ဆုပေးရသည့် ရည်ရွယ်ချက်မှာ–

- တောင်သူများမှ သိပ္ပံနည်းကျစိုက်စနစ်များကို စိတ်ဝင်စား၍ ဆောင်ရွက်လာစေရန်၊
- စပါးအထွက်နှုန်း တိုးတက်မြင့်မားလာစေရန်၊
- စပါးအထွက်တိုး၍ တောင်သူတစ်ဦးချင်းဝင်ငွေ တိုးလာစေရန်၊
- သီးနှံစိုက်စွမ်းအား တိုးတက်လာစေရန်၊
- ပြည်နယ်၏ အသားတင်ထုတ်လုပ်မှု မြင့်မားလာစေရန်

တို့ဖြစ်ကြောင်း။

မိုးစပါးနှင့် နွေစပါးစိုက်ပျိုးရာတွင် အထွက်နှုန်းယှဉ်ပြိုင်ပွဲများ ကျင်းပပေးခဲ့သည့်အတွက် အထွက်နှုန်းများ မြင့်မားလာပြီး စိုက်ဧကများပါ တိုးတက်လာမှုကြောင့် ဒေသဝမ်းစာဖူလုံမှုအနေဖြင့် ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ၁၂၉ဒသမ၁၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ၁၆၅ဒသမ ၃၅ရာခိုင်နှုန်း ရှိလာခဲ့ကြောင်း။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၀၄–၂၀၀၅ခုနှစ်မှစ၍ ဧကလေးသိန်းပြည့်မီသည်အထိ လျာထားစိုက်ပျိုးလျက်ရှိကြောင်း။

အထွက်တိုးရေးအတွက် နည်းလမ်းလေးသွယ်ဖြင့် ပညာပေးဆောင်ရွက်လျက်ရှိသကဲ့သို့ မိုးစပါး တစ်ဧကတင်း ၁၀၀ နှင့်အထက် ထွက်ရှိသူများနှင့် နွေစပါးတစ်ဧက တင်း ၁၂၀ အထက်ထွက်ရှိသူများကို အထွက်နှုန်းပြိုင်ပွဲများပြုလုပ်၍ ဆုများချီးမြှင့်လျက်ရှိကြောင်း၊ ထို့ပြင် စားဖိုဆောင်သီးနှံနှင့် ဆီထွက်သီးနှံများ အမြင့်ဆုံးထွက်ရှိသည့် မြို့နယ်၊ သီးနှံစိုက်စွမ်းအား အမြင့်ဆုံးကျေးရွာအုပ်စု၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး ကြီးကြပ်မှုအကောင်းဆုံး ခရိုင်နှင့် မြို့နယ်များအား လယ်ယာကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ယခုကဲ့သို့ အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်ရခြင်းဖြစ်ကြောင်း။

ကေတစ်သိန်းပြည့်မီရေး

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် နှစ်ရှည်သီးနှံဖြစ်သည့် ရော်ဘာကို ၁၉၉၇ ခုနှစ်မှ စတင်စိုက်ပျိုးခဲ့ပါကြောင်း စုစုပေါင်း ၄၅၀၀၁ ဧက စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း စုစုပေါင်း ဧက တစ်သိန်းပြည့်မီရေးအတွက် တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်ထားရှိကြောင်း။

ပြည်ပဈေးကွက်ရှိသည့် ရော်ဘာကို တိုးချဲ့စိုက်ပျိုးနေသကဲ့သို့ အမြင့်ပေ ၃၀၀၀ အထက် နေရာများတွင် လက်ဖက် တိုးချဲ့စိုက်ပျိုးရေးကို ဆောင်ရွက်လျက်ရှိကြောင်း။

ခြံစည်းရိုးကြက်ဆူပင်များကို သုံးနှစ်အတွင်း ဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုးရန် လမ်းညွှန်ချက်အရ ၂၀၀၆ ခုနှစ်တွင် ၁၄၈၁၀၅ ဧက၊ ၂၀၀၇ ခုနှစ်တွင် ဧက ၁၄၉၀၂၀၊ ၂၀၀၈ ခုနှစ်တွင် ၂၈၄၆၈၈ ဧက စုစုပေါင်း ၅၈၁၈၁၃ ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်မှ ဆည်မြောင်းတာတမံနှင့် ချောင်းမြောင်းပိတ်ဆို့မှု လုပ်ငန်းများဖြင့်လည်း စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိသဖြင့် ၁၉၈၈ ခုနှစ်တွင် ဆည်မြောင်း တာတမံ ရှစ်ခုရှိရာမှ ယခု ၃၆ ခုထိ တိုးတက်ပြီး ချောင်းမြောင်း၊ တာတမံအနေဖြင့် ယခင်က မရှိခဲ့သော်လည်း ယခု ၁၈၃ခုအထိ တိုးတက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ စပါးအထွက်နှုန်းတွင်လည်း ၁၉၈၈ ခုနှစ်က မိုးစပါးတစ်ဧက အထွက်နှုန်း ၅ ၁ဒသမ ၇၇ မှ ၆၉ ဒသမ ၇၂တင်းအထိ တိုးတက်လာပြီဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၀၅–၂၀၀၆ ခုနှစ် သီးနှံစိုက်ပျိုး ထူးချွန်ဆုရရှိသူများအားဆုများ ပေးအပ်ချီးမြှင့်ကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မိုးစပါး ပန်းတိုင်အထွက်နှုန်း အများဆုံးနှင့် အမြင့်ဆုံးဆုနှင့် နွေစပါး စိုက်ပျိုးမှု ထူးချွန်ဆုရ တာချီလိတ်မြို့နယ်အား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နွေစပါးတစ်ဧကအထွက်နှုန်း တင်း ၁၂၀ နှင့် အထက် ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

လည်းကောင်း၊ နွေစပါး စိုက်ပျိုးထုတ်လုပ်မှု အများဆုံးမြို့နယ်ဆုရ ကျိုင်းတုံမြို့နယ်အားလည်းကောင်း၊ စားဖိုဆောင်သီးနှံ အမြင့်ဆုံးထွက်ရှိသော မြို့နယ်ဆုရ မိုင်းလားမြို့နယ်တို့အား လည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုငွေကျပ်သုံးသိန်းတို့ကို ပေးအပ်သည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ဆီထွက်သီးနှံ အမြင့်ဆုံးထွက်ရှိသော မြို့နယ်ဆုရ ကျိုင်းတုံမြို့နယ်နှင့် သီးနှံစိုက်စွမ်းအား အမြင့်ဆုံး ကျေးရွာအုပ်စု ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စုတို့အား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ကျပ်သုံးသိန်းကို ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ကြီးကြပ်မှုအကောင်းဆုံးခရိုင်ဆုရ ကျိုင်းတုံခရိုင်နှင့် ကြီးကြပ်မှုအကောင်းဆုံးမြို့နယ်ဆုရ ကျိုင်းတုံမြို့နယ်တို့အား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ကျပ်သုံးသိန်းစီတို့ကို ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နွေစပါး တစ်ဧကအထွက်နှုန်း တင်း ၁၂၀နှင့် အထက်၌ အထူးဆု လေးရရှိသော တောင်သူဦးအိုက်ရှန်၊ အထူးဆုသုံးရရှိသော ကျိုင်းတုံမြို့ အမှတ်(၈) တပ်ထိန်းတပ်ခွဲ၊ အထူးဆု(၂) ရရှိသော တောင်သူဦးသာခန်းတို့အား ၂၁ လက်မ ရုပ်မြင်သံကြားဖမ်းစက်နှင့် အထူးဆု တစ်ရရှိသော တောင်သူ ဦးစိုင်းရီအား ၂၉ လက်မ ရုပ်မြင်သံကြားဖမ်းစက်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နွေစပါး တစ်ဧက အထွက်နှုန်း တင်း ၁၂၀ နှင့် အထက်၌ တတိယရရှိသော တောင်သူ ဦးစိုင်းသန်းတို့အား ရေစုပ်စက် (အသေး)နှင့် ဂုဏ်ပြုဆုငွေ ကျပ်နှစ်သိန်း၊ ဒုတိယဆုရရှိသော တောင်သူ ဦးစံလောအား ရေစုပ်စက် (အလတ်) နှင့် ဂုဏ်ပြုဆုငွေကျပ်သုံးသိန်း၊ ပထမဆုရရှိသော တောင်သူဦးအောင်နိုင်အား ရေစုပ် စက်(အကြီး)၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားကျပ် ငါးသိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက် တာဝန်နှစ်ရပ်အဖြစ် စိုက်ပျိုးသီးနှံအထွက်နှုန်း မြင့်မားရေးနှင့် စိုက်ဧက တိုးတက်ရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေ၊ နှစ်ရှည်၊ နှစ်တိုနှင့် အမယ်သစ် သီးနှံများ တိုးချဲ့စိုက်ပျိုးနေမှုနှင့် စိုက်ပျိုးလိုသူ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အားပေးကူညီ ပံ့ပိုးဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ကုန်သွယ်မှုတိုးတက်ခြင်း၏ အခြေခံဖြစ်သည့် ထုတ်လုပ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဈေးကွက်ရရှိမှုနှင့် ဈေးကွက်သို့ ချိတ်ဆက်တင်ပို့နိုင်မှုတို့တွင် လိုအပ်ပုံများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)သည် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသဖြင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုများကို ကြိုးပမ်းလုပ်ကိုင်သွားပါက ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) အပါအဝင် နယ်စပ်ဒေသနေ တိုင်းရင်းသား ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားစေရန်အတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်နေမှု၊ ၁၉၈၉ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဆောင်ရွက်ပေးခဲ့သည့် လမ်း၊ တံတားများနှင့် ပညာရေး၊ ကျန်းမာရေး၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုဖြစ်ထွန်းရရှိလာမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိတို့ အဖွဲ့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့ပြင် ယခုလ ၁၄ ရက်က ကျိုင်းတုံမြို့၌ကျင်းပသည့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားကို တက်ရောက်ခဲ့ပြီး ၁၅ရက်နေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလား အထူးဒေသ (၄)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) “ဝ” အထူးဒေသ(၂)သို့ သွားရောက်ကာ မိမိတို့ညီအစ်ကို တိုင်းရင်းသားများ၏ ယင်းတို့၏ဒေသများ၌ မူးယစ်ဆေးဝါး လုံးဝကင်းစင် ပပျောက်သွားစေရန် ကြိုးပမ်းဆောင်ရွက်နေမှုများအား ကူညီအားပေးခဲ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း။

ယနေ့ မိမိတို့ရင်ဆိုင်ဖြေရှင်းနေရသည့် မူးယစ်ဆေးဝါးပြဿနာမှာ ယခုမှ ပေါ်ပေါက်လာခြင်း မဟုတ်ကြောင်း၊ နယ်ချဲ့တို့က မျိုးစေ့ချဖန်တီးပေးခဲ့သည့် ဆိုးမွေအများအပြားထဲမှ တစ်ခုပင်ဖြစ်ကြောင်း။

အဆိုပါ “ဝ” အထူးဒေသ(၂) ပန်ဆန်းနှင့် အထူးဒေသ(၄)မိုင်းလားရှိ တိုင်းရင်းသားများအနေဖြင့် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ကြပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ယနေ့ဆိုလျှင် ပန်ဆန်းနှင့် မိုင်းလားမြို့တို့သည် ခေတ်မီမြို့ပြ အင်္ဂါရပ်များနှင့် ငြိမ်းချမ်းသာယာ စည်ပင်လျက်ရှိနေသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

တိုးတက်မှုများရှိ

အလားတူပင် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ကြပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့် အခြားသော တိုင်းရင်းသားညီအစ်ကိုများ၏ ဒေသများမှာလည်း တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းရရှိနေသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အဓိကထားဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်နိုင်ခဲ့ကြောင်း။

မိမိတို့သည် ယခင်က ဒေသစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲတွေကို ဘေးဖယ်ကာ ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ထားဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့မှုကြောင့် ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို သိသာထင်ရှားစွာ ရရှိဖြစ်ထွန်းနေခြင်းဖြစ်ကြောင်း။

ထို့ပြင် ယနေ့အချိန်အခါတွင် ပြည်သူများ လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်မူများရရှိအောင် တိုင်းရင်းသားပေါင်းစုံပါဝင်သည့် အမျိုးသားညီလာခံကြီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ နိုင်ငံတော်တွင် နိုင်ငံရေးအားဖြင့် တည်ငြိမ်အေးချမ်းမှုများရရှိ ဖြစ်ထွန်းနေသကဲ့သို့ စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ၊ အခြေခံ အဆောက်အအုံများလည်း သိသာထင်ရှားစွာ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကို အခြေခံပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✧

စစ်ဘေးဒဏ်ခံ လက်ဘနွန်ပြည်သူများအတွက် ဆေးဝါးပစ္စည်းများ တောင်ကိုရီးယား ထောက်ပံ့မည်

ဆိုးလ် ဩဂုတ် ၁၇

လက်ဘနွန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ကျော် တန်ဖိုးရှိ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများပေးပို့ရန် တောင်ကိုရီးယားအစိုးရက ဆုံးဖြတ်ထားကြောင်း ဩဂုတ် ၁၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

စစ်ဒဏ်ခံနေရသူများကို အကူအညီပေးနိုင်ရန် နိုင်ငံတကာမှ အားပေးဆောင်ရွက်မှုတွင် တောင်ကိုရီးယားနိုင်ငံက ပါဝင်လျက်ရှိသည်။

လက်ဘနွန်နိုင်ငံသို့ တောင်ကိုရီးယားအစိုးရက အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း၊ လက်ဘနွန်ပြည်သူများအတွက် အမေရိကန် ဒေါ်လာ ၁၀၀၀၀၀ ကျော်တန်ဖိုးရှိ အရေးပေါ်ဆေးဝါးပစ္စည်းများကိုလည်း မကြာမီပေးပို့မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ထုတ်ပြန်ချက်

ကုလသမဂ္ဂ ဆုံးဖြတ်ချက်အရ လက်ဘနွန်တွင် အပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်ခြင်းအတွက် ကြိုဆိုကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရန် တောင်ကိုရီးယားအစိုးရက တိုက်တွန်းကြောင်း၊ လက်ဘနွန်နိုင်ငံတွင် တည်ငြိမ်ပြီး အေးချမ်းမှု ကြာရှည်တည်တံ့နိုင်ရန် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ကူညီထောက်ပံ့

လူသားချင်း စာနာထောက်ထားမှု ကယ်ဆယ်ရေးလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် ယခုလအစောပိုင်းက လက်ဘနွန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ ကို တောင်ကိုရီးယားနိုင်ငံက ကူညီ ထောက်ပံ့ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံခြားသား ရေနံလုပ်သားများ နိုင်ဂျီးရီးယား၌ ပြန်ပေးဆွဲခံရ

ပို့တ်ဟားကော့ဒ် (နိုင်ဂျီးရီးယား) ဩဂုတ် ၁၇

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်း ဟားကော့ဒ်ဆိပ်ကမ်းမြို့ရှိ ဘားခန်းတစ်ခုတွင်ရှိနေသော နိုင်ငံခြားသား ရေနံအလုပ်သမားလေးဦး ပြန်ပေးဆွဲခံရကြောင်း စားပွဲထိုးများက ဩဂုတ် ၁၃ ရက်တွင် ပြောကြားသည်။

ပြန်ပေးဆွဲသူများသည် ဩဂုတ် ၁၂ရက် ညသန်းခေါင်ယံအချိန်တွင် ဆိုင်အတွင်းသို့ ဝင်ရောက်ကာ နိုင်ငံခြားသား ရေနံလုပ်သားများကို ဖမ်းဆီးသွားခြင်းဖြစ်ကြောင်း၊ ဂွဒ်ဖဲလား အရက်ဆိုင်ကြမ်းပြင်တွင် သွေးကွက်များ ထင်ကျန်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အာဖရိကထိပ်တန်းရေနံတင်ပို့ ရောင်းချရာနိုင်ငံ၌ ယခုလအတွင်း ပြန်ပေးဆွဲခံရသည့် ဖြစ်ရပ်မှာ ဆဋ္ဌမမြောက်ဖြစ်ရပ်ဖြစ်ကြောင်း သိရသည်။

ယခင်လအတွင်းက ဖိလစ်ပိုင် ဓာတ်ငွေ့ အလုပ်သမားသုံးဦးအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီးနောက် ၁၀ ရက်အကြာ၌ ယခုပြန်ပေးမှုသတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

စစ်သွေးကြွ တိုက်ခိုက်ရေးသမားများနှင့် ပြန်ပေးဆွဲသူများသည် ရေနံချက်စက်ရုံအလုပ်သမားများကို တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ အဋ္ဌမမြောက် ရေနံအများအပြား တင်ပို့နေသည့် နိုင်ဂျီးရီးယားနိုင်ငံ၏ ရေနံထုတ်လုပ်မှုသည် ၂၅ ရာခိုင်နှုန်းခန့် ကျဆင်းသွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် ဗုံးဒဏ်ကြောင့် ပျက်စီးနေသော အဆောက်အအုံအချို့ကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယသမုဒ္ဒရာတွင် ဂျပန်ရေနံတင်သင်္ဘော ရေနံယိုဖိတ်

လန်ဒန် ဩဂုတ် ၁၇

ဂျပန် ရေနံတင်သင်္ဘောတစ်စင်းသည် အရှေ့အလယ်ပိုင်းဒေသမှ ဂျပန်နိုင်ငံသို့ ဦးတည်သွားရောက်စဉ် အိန္ဒိယသမုဒ္ဒရာအတွင်း၌ ရေနံတန်ချိန် ၄၃သမ၅၀၀ နီးပါး ယိုဖိတ်မှုဖြစ်ပွားကြောင်း ကြာသပတေးနေ့ သတင်းများအရသိရသည်။ အိန္ဒိယနိုင်ငံ ဂရိတ်နီကိုဗာကျွန်းမှ မိုင် ၂၉၀ အကွာတွင် မီးလောင်နေသော သင်္ဘောတစ်စင်းကို အကူအညီပေးရာမှ အဆိုပါ ရေနံယိုဖိတ်မှု ဖြစ်ပွားရခြင်းဖြစ်သည်။

မီးလောင်နေသော သင်္ဘောတစ်စင်းကို ကူညီရန်ကြိုးပမ်းရာမှ သင်္ဘောနှစ်စင်းတိုက်မိပြီး ရေနံယိုဖိတ်မှုဖြစ်ပွားရခြင်းဖြစ်ကြောင်း မစ်စူအီအိုအက်စ်ကေကုမ္ပဏီက ပြောကြားသည်။ ရေနံယိုဖိတ်မှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့ကြောင်းသိရသည်။ ဂျပန်နိုင်ငံ ရေနံတင်သင်္ဘောလုပ်ငန်း သမိုင်းတွင် ယခုရေနံယိုဖိတ်မှုသည် အကြီးဆုံး ရေနံယိုဖိတ်မှုဖြစ်ကြောင်း မစ်စူအီကုမ္ပဏီက ဆိုသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေး ရုရှားနိုင်ငံမှ ဗီယက်နမ်တင်သွင်းမည်

ဟနွိုင်း ဩဂုတ် ၁၇

ဗီယက်နမ်နိုင်ငံသည် လာမည့်နှစ်တွင် ရုရှားနိုင်ငံမှ ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေး လုံးရေ သန်း ၃၀ မှ သန်း ၅၀ တင်သွင်းမည်ဟု ဗီယက်နမ်နိုင်ငံ၌ ထုတ်ဝေသည့် ဆိုင်ဂုံလွတ်မြောက်ရေးအမည်ရှိ သတင်းစာက ဩဂုတ် ၁၅ ရက်တွင် ရေးသားဖော်ပြထားသည်။

၂၀၀၆ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၀၇ ခုနှစ် အစောပိုင်းကာလတွင် ဗီယက်နမ်နိုင်ငံတစ်ဝန်းရှိ ကြက်ငှက်များကို ကာကွယ်ဆေး ထိုးနှံပေးရန်အတွက် ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးများ ဝယ်ယူရခြင်းဖြစ်သည်။ ယင်းဆေးများ ဝယ်ယူမှုကိစ္စကို ရုရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့ ဆောင်ရွက်ခြင်းဖြစ်သည်။

လာမည့်နှစ်များတွင် ကြက်ငှက်တုပ်ကွေးကာကွယ်ဆေးများ ကျယ်ပြန့်စွာသုံးစွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံရှိ ကုမ္ပဏီနှစ်ခုတို့က ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေး အလုံးပေါင်း ၂၀၀၀၀၀ ကို စမ်းသပ်ထုတ်လုပ်ထားကြောင်း ဗီယက်နမ် မွေးမြူရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ တိရစ္ဆာန်ကျန်းမာရေးဌာနက ဖော်ပြသည်။

ယခုနှစ် ဗီယက်နမ်နိုင်ငံတစ်ဝန်း၌ ကာကွယ်ဆေးထိုးနှံပြီးသော ကြက်ငှက် ကောင်ရေမှာ ၁၃၄ သန်း နီးပါးရှိသည်။ ကာကွယ်ဆေး ထိုးနှံထားသော ဘဲနှင့်ကြက် ၁၀၆၂ ကောင်ကို စမ်းသပ်စစ်ဆေးခဲ့ရာ ၇၅ ရာခိုင် နှုန်းခန့်တွင် ကြက်ငှက်ဗိုင်းရပ်စ်ပိုး မတွေ့ရှိရဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လေကြောင်းအာကာသလုပ်ငန်းသုံး ကိရိယာတစ်ခုအား စမ်းသပ်ရန် ပြင်ဆင်နေသည်ကို ဩဂုတ် ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ကမ္ဘာ့အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းအဖြစ် တရုတ်နိုင်ငံရှိ ယန်စီမြစ်ကို ဖြတ်သန်း တည်ဆောက်ထားသည့် အရှည် ၂၃၀၉ မီတာ၊ အမြင့် ၁၈၅ မီတာရှည် မြစ်ကျဉ်းသုံးသွယ် ရေကာတာကို ဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြေအောက်ရထားနှစ်စင်းပေါ် မီးလောင်မှု နယူးယောက်မြို့တွင်ဖြစ်ပွား

နယူးယောက် ဩဂုတ် ၁၈

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ မြေအောက်ရထားနှစ်စင်းပေါ်တွင် ဗုဒ္ဓဟူးနေ့နှောင်းပိုင်း လူစည်ကားချိန်အတွင်း မီးလောင်မှုဖြစ်ပွားရာ ခရီးသည် ထောင်ပေါင်းများစွာကို ရွှေ့ပြောင်းပေးလိုက်ရပြီး လူဒါဇင်ချီ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဘရွတ်ကလင်းနှင့် ဘရွန့်ရပ်ကွက်အတွင်း ဖြတ်သန်းပြေးဆွဲပြီး မန်ဟက်တန်ဒေသသို့ မောင်းနှင်သည့် မြေအောက်ရထားသည် ဒီကက်အက်ဗင်နျူးဘူတာရုံအရောက်တွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းသို့မီးလောင်မှုဖြစ်ပွားသဖြင့် လူ၄၀၀၀ခန့်ကို မြေအောက် ရထားများမှ ရွှေ့ပြောင်းပေးခဲ့ရပြီး မီးသတ်သမားသုံးဦးအပါအဝင် လူ ၁၅ဦး ဒဏ်ရာရရှိခဲ့သည်ဟု မီးသတ်ဌာနက ပြောကြားသည်။

ယင်းကြောင့် မြေအောက်ရထားလမ်းခရီးစဉ်ငါးခုအသွားအလာရပ်ဆိုင်းခဲ့ရပြီး မရေတွက်နိုင်သည့် နယူးယောက်မြို့သူမြို့သားများ သွားရေးလာရေး အခက်အခဲများ တွေ့ကြုံရသည်။

ရထားစက်ကြိုးရှိသစ်သားထုပ်တန်းမှ တစ်ဆင့် မီးစလောင်ဖွယ်ရှိကြောင်း၊ မီးလောင်မှုဖြစ်စေသော အကြောင်းရင်းကို စုံစမ်းဖော်ထုတ်ရဦးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျာမနီနိုင်ငံတွင် လူဦးရေကျဆင်း

ဘာလင် ဩဂုတ် ၁၇

ဥရောပတိုက်တွင် ကလေးမွေးဖွားမှုနှုန်း အနည်းဆုံးစာရင်းတွင် ဂျာမနီနိုင်ငံလည်း ပါဝင်ကြောင်း၊ မွေးဖွားမှုနှုန်းထက် သေဆုံးမှုနှုန်းများပြားခြင်းနှင့် ပြောင်းရွှေ့လာသူဦးရေ လျော့နည်းသွားခြင်းတို့ကြောင့် ယမန်နှစ်က ဂျာမနီနိုင်ငံ၏ လူဦးရေနှုန်းကျဆင်းမှုနှင့် ကြုံတွေ့ရခြင်းကြောင့် စာရင်းအင်းဌာနက ဩဂုတ် ၁၅ ရက်တွင် ထုတ်ပြန်သည်။ ၂၀၀၅ ခုနှစ်က ဂျာမနီနိုင်ငံ၌ မွေးဖွားသည့်ဦးရေသည် ၆၈၆၀၀၀ လျော့နည်းသွားကြောင်း၊ ၁၉၄၆ ခုနှစ် အချိန်ကာလမှစတင်၍ မွေးဖွားနှုန်းတို့ကို နှိုင်းယှဉ်လျှင် ယခုနှုန်းထားသည် အနည်းဆုံးဖြစ်သည်ဟု စာရင်းအင်းဌာနက အတည်ပြုထားသည်။

အမ်အင်အေ၊ရိုက်တာ။

ရေဒီယိုရောင်ခြည် ပျံ့နှံ့မှုလျော့ပါးရေး စင်ကာပူ၌ အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

စင်ကာပူ ဩဂုတ် ၁၇

စင်ကာပူနှင့် အမေရိကန်နိုင်ငံတို့ ပူးတွဲကျင်းပသည့် ရေဒီယိုရောင်ခြည် ပျံ့နှံ့မှု လျော့ပါးရေး အလုပ်ရုံဆွေးနွေးပွဲကို စင်ကာပူ၌ တနင်္လာနေ့တွင် စတင်ဖွင့်လှစ်သည်။

အဆိုပါ ဆွေးနွေးပွဲကို စင်ကာပူ ကာကွယ်ရေးသိပ္ပံနှင့်နည်းပညာအေဂျင်စီနှင့် အမေရိကန် ကာကွယ်ရေး ခြိမ်းခြောက်မှု လျော့ပါးရေး အေဂျင်စီတို့က စီစဉ်ခဲ့ခြင်းဖြစ်ပြီး ရေဒီယိုရောင်ခြည်ထိန်းချုပ်မှု မူဘောင်စနစ်များမှသည် အကျိုးဆက် စီမံခန့်ခွဲမှု နည်းလမ်းများအထိ အကြောင်းအရာ မျိုးစုံကို ဆွေးနွေးကြမည်ဖြစ်သည်။

ရေဒီယိုရောင်ခြည် ပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်း၊ ဆိပ်ကမ်းများ၊ မြို့တော် ပတ်ဝန်းကျင်နှင့် အဆောက်အအုံများတွင် ရေဒီယိုရောင်ခြည် ထုတ်လွှတ်မှု အလားအလာနှင့် အကျိုးဆက်များကို ဆွေးနွေးပွဲ တက်ရောက်လာသူများက ဆွေးနွေးကြမည်ဖြစ်သည်။

အကြမ်းဖက်သမားများက ဓာတု၊ ဇီဝနှင့် ရေဒီယိုရောင်ခြည် လက်နက်များ ရယူအသုံးပြုမည်ကို စိုးရိမ်မှုကြီးမားလျက်ရှိကြောင်း စင်ကာပူတရားရေးနှင့် ပြည်ထဲရေးဝန်ကြီး ဟိုပင်ကီး ကဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နီပေါလူမှုရေးအဖွဲ့အစည်းများအတွက် လူနာတင်ယာဉ်များ အိန္ဒိယလှူဒါန်း

ခတ္တမန္ဒူ ဩဂုတ် ၁၇

အိန္ဒိယနိုင်ငံ၏ အနှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် အိန္ဒိယနိုင်ငံအစိုးရက နီပေါနိုင်ငံရှိ လူမှုရေးအဖွဲ့အစည်းအချို့သို့ လူနာတင်ယာဉ် ၁၅စီးပေးအပ်လှူဒါန်းလိုက်ကြောင်း ဩဂုတ် ၁၅ရက်သတင်းတွင် ဖော်ပြသည်။

နီပေါနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ရှိဗာရှန်ခါမူခ်ခါဂျီက ခတ္တမန္ဒူမြို့ အိန္ဒိယသံရုံးတွင် ကျင်းပသည့် အခမ်းအနားတစ်ရပ်၌ လူနာတင်ယာဉ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၁၉၉၄ခုနှစ်မှစ၍ ယခုအချိန်အထိ လူနာတင်ယာဉ်စုစုပေါင်း ၁၀၆ စီးကို နီပေါနိုင်ငံ ခရိုင် ၄၉ ခရိုင်ရှိ အဖွဲ့အစည်းအများအပြားထံသို့ ပေးအပ် လှူဒါန်းခဲ့သည်။ ထိုသို့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဝေးလံသော ဒေသများမှပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်ပေးနိုင်ရန်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တိုက်ပွဲများ ဖြစ်ပွားခဲ့မှုကြောင့် လက်ဘနွန်မှ ပြန်လာကြရသော ဖိလစ်ပိုင်အမျိုးသမီးများအား မနီလာလေဆိပ်၌ တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်လေဆိပ်တွင် မသင်္ကာစရာပစ္စည်းတွေ့ရှိ ခရီးသည်များကို ဘေးကင်းရာရွှေ့ပေးခဲ့ရ

ဝါရှင်တန် ဩဂုတ် ၁၈

ခရီးသည် အမျိုးသမီးတစ်ဦးထံမှ မသင်္ကာဖွယ်ရာ အရည်များပါလာသော ပုလင်းတစ်လုံးကို တွေ့ရပြီးနောက် အနောက်ဗာဂျီးနီးယားလေဆိပ်၏ ခရီးသည် အဝင်အထွက်ပြုလုပ်သော စင်္ကြံတစ်ခုကို ဩဂုတ် ၁၇ရက်ကပိတ်ထားခဲ့ရသည်

တွေ့ရှိ

ခရီးသည်အမျိုးသမီး၏ အိတ်အတွင်း ပါလာသော ပုလင်းတစ်လုံးနှင့် ပတ်သက်၍ အနံ့ခံခွေးက မသင်္ကာစရာပစ္စည်းကို တွေ့ရှိပြီးနောက် ယခုကဲ့သို့ အရေးယူခဲ့ရခြင်းဖြစ်သည်။ စင်္ကြံပိတ်လိုက်ရသည့်အတွက် ခရီးသည်ပေါင်း ၁၀၀ခန့်ကို နေရာရွှေ့ပြောင်းပေးခဲ့ရသည်။

ထိန်းသိမ်းထား

အဆိုပါ ခရီးသည်အမျိုးသမီးမှာ မြောက်ကယ်လိုလိုင်းနားပြည်နယ် ချယ်လော့တီးဒေသသို့သွားမည့် ခရီးသည်ဖြစ်သည်။ အထက်ပါကိစ္စနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းရန်ရှိသဖြင့် သူမကို လုံခြုံရေးတာဝန်ရှိသူများက ထိန်းသိမ်းထားလိုက်သည်။

ဖြစ်ပွား

အလားတူ အဖြစ်အပျက်မျိုး ဝါရှင်တန် အနောက်မြောက်ဒေသ ဆီတယ်အရပ်၌လည်း ဩဂုတ် ၁၆ရက်က ဖြစ်ပွားခဲ့သည်။

ကွန်တိန်နာ ကုန်သေတ္တာနှစ်လုံး အတွင်း မသင်္ကာစရာ ပစ္စည်းများကို အနံ့ခံခွေးများက အနံ့ခံမိကြခြင်းဖြစ်သည်။

ထိုဖြစ်ရပ်၌လည်း လူအများ အပြားကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည့် အဖြစ်သာရှိခဲ့ပြီး ထူးထူးခြားခြား တစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ခြင်း မရှိကြောင်းသိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်အာဖရိကနိုင်ငံ ရေသတ္တဝါများ၏ပြတိုက်၌ သံလှောင်အိမ်ဖြင့် ရေအောက်သို့ဆင်း၍ မိကျောင်းတစ်ကောင်အား အနီးကပ်လေ့လာနေသူတစ်ဦးကို ဩဂုတ် ၁၆က ရက်တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လက်ဘနွန်တပ်ဖွဲ့ မဖြန့်ကြက်ပါက အစ္စရေးတပ်ဖွဲ့ မရုပ်သိမ်း ဟုဆို

ဂျေရုဆလင် ဩဂုတ် ၁၇

လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် လက်ဘနွန်တပ်ဖွဲ့များ အမြန်ဆုံး ဖြန့်ကြက်ပေးမည်ဆိုပါက အစ္စရေးတပ်ဖွဲ့များကို ယင်းဒေသမှ ၁၀ ရက်အတွင်း ရုပ်သိမ်းမည်ဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့အကြီးအကဲ ဒန်ဟာလူ့ဇ်က ဩဂုတ် ၁၆ ရက်တွင် ပြောကြားသည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (အိုင်ဒီအက်ဖ်) ၁၀ ရက်အတွင်း ရုပ်သိမ်းရေးသည် လက်ဘနွန်တပ်ဖွဲ့၏ ဖြန့်ကြက်မှုအပေါ် မူတည်ကြောင်း ပါလီမန်ရှိ နိုင်ငံခြားရေးနှင့် ကာကွယ်ရေး ကော်မတီရှေ့မှောက်တွင်ဟာလူ့ဇ် ပြောကြားခဲ့မှုကိုကိုးကားလျက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လက်ဘနွန်တောင်ပိုင်းတွင် လက်ဘနွန်တပ်ဖွဲ့ကို ၁၀ ရက်အတွင်း ချထားမှု မရှိလျှင် မိမိတို့အနေဖြင့် အစ္စရေးတပ်ဖွဲ့ကို ရုပ်သိမ်းမည် မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

လက်ဘနွန်တောင်ပိုင်းတွင် ၎င်းတို့တပ်ဖွဲ့များ ချက်ချင်းတပ်ဖြန့်ချထားရေးအတွက် အမိန့်ညွှန်ကြားလွှာ ထုတ်ပြန်ရန် ဩဂုတ် ၁၆ ရက်တွင် လက်ဘနွန်ဝန်ကြီးအဖွဲ့ ဆွေးနွေးပွဲ ပြုလုပ်မည်ဖြစ်သည်ဟု မြို့တော်ဘေရွတ်ရှိ နိုင်ငံရေးသတင်းရပ်ကွက်က ပြောကြားသည်။

လီတာနီမြစ် တောင်ဘက်တွင် လက်ဘနွန်တပ်ဖွဲ့ဝင် ၁၅၀၀၀ ကို ဩဂုတ် ၁၇ ရက်မှစတင်၍ တပ်ဖြန့်ချထားမည် ဖြစ်သည်ဟု ဘီရက်က ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဂျော်ဒန်၏ အရန်နိုင်ငံခြားငွေ ယမန်နှစ်ကထက်ပိုမိုလာ

အမ္မန် ဩဂုတ် ၁၇

ဂျော်ဒန်နိုင်ငံ၏ အရန်နိုင်ငံခြားငွေ ပမာဏသည် ယခုနှစ် မေလကုန်တွင် အမေရိကန် ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံရှိကြောင်း၊ ယမန်နှစ် အလားတူကာလကထက် အမေရိကန်ဒေါ်လာ ၃၁၆ သန်း ပိုမိုကြောင်း ပီထရာသတင်းဌာနက ဖော်ပြသည်။

တစ်ချိန်တည်းမှာပင် ဂျော်ဒန် ဗဟိုဘဏ်၌ ယခုနှစ် မေလကုန်ပိုင်းက အမေရိကန် ဒေါ်လာ ၂၆၈သန်း တန်ဖိုးရှိ ရွှေ ၄၈၉၂၅၇ အောင်စရှိနေသည်။ ယခင်နှစ် မေလကုန်က တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၁၇၂ သန်း တန်ဖိုးရှိ ရွှေ ၄၁၁၀၁၈ အောင်စရှိသည်ဟု သိရှိရသည်။

ယခုနှစ် မေလကုန်တွင် ရွှေနှင့် နိုင်ငံခြားငွေကြေးတို့သည် အမေရိကန် ဒေါ်လာ ၆ ဒသမ ၀၇ ဘီလီယံ ဖိုးရှိကြောင်း၊ ယမန်နှစ် အလားတူကာလကမူ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံသာ ရှိသည်ဟု ပီထရာသတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖိလစ်ပိုင်တောင်ပိုင်း၌ မြေပြို၊ သုံးဦးသေဆုံး

မနီလာ ဩဂုတ် ၁၇

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဇမ်ဘိုအန်ဂါဒီလ်ဆာပြည်နယ် အော်ရိုရာမြို့ရှိ ဝေးလံသီခေါင်သော ရွာတစ်ရွာတွင် ဩဂုတ် ၁၄ ရက် နေ့လယ်ပိုင်းက မြေပြိုမှုဖြစ်ပွားရာ လူသုံးဦး သေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိကြောင်း ကယ်ဆယ်ရေးနှင့် ဘေးအန္တရာယ် ကျရောက်မှု စီမံခန့်ခွဲရေး တာဝန်ရှိသူများက ပြောကြားသည်။

ရောက်ရှိလာ

ယင်းမြေပြိုမှုသည် မိုးပြင်းထန်စွာ ဆက်တိုက် ရွာသွန်းမှုကြောင့် ဖြစ်ပွားရကြောင်း မနီလာမြို့တော်ရှိ စစ်ဌာနချုပ် အဂူနာလ်ဒိုစခန်း အခြေစိုက် အရပ်ဘက် ကာကွယ်ရေးရုံးသို့ရောက်ရှိလာသော အစီရင်ခံချက်တွင် ဖော်ပြသည်။

အဆိုပါပြည်နယ်ရှိ မိသားစု ၅၁၂စုသို့မဟုတ် လူပေါင်း ၂၈၅၉ တို့မှာ ရေဘေးဒုက္ခသည်များ ဖြစ်ကြရသည်။ ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ဇမ်ဘိုအန်ဂါမြို့တွင်လည်း လွန်ခဲ့သော ငါးရက်က ငါးဖမ်းထွက်သွားသူငါးဦး ပျောက်ဆုံးနေကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တိရစ္ဆာန် ခိုးထုတ်သူများလက်မှ ကယ်တင်ခဲ့ရသော အော်ရန်ဂူတန် မျောက်တစ်ကောင်အား မူရင်းဒေသ ဘော်နီယိုသို့ ပြန်ပို့ရန် ပြင်ဆင်နေသည်ကို ဂျကာတာမြို့၌ ဩဂုတ် ၁၆ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တာကော်–မိုင်းပျဉ်း–ကျိုင်းတုံ ပြည်ထောင်စုကားလမ်းမကြီး မိုင်းပျဉ်း–တုံတာ–ကျိုင်းတုံလမ်းပိုင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၇ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မိုင်းပျဉ်း–တုံတာ–ကျိုင်းတုံလမ်းအပိုင်း လမ်းကြောင်းတစ်လျှောက် လမ်းနှင့်တံတားများပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာလာရာ မိုင်တိုင်အမှတ်(၃၅၆/၅) ပန်နောင်လုံ၊ ကိုးကွေ့တောင်ခြေ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက တာကော် – မိုင်းပျဉ်း – ကျိုင်းတုံ ပြည်ထောင်စုကားလမ်းမကြီး လမ်းအရှည် ၁၁၄ မိုင်ကို ပေ ၃၀ အကျယ် မြေသားလမ်း ချဲ့ထွင်ခြင်းနှင့် ၁၂ပေ အကျယ်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊ ဘဏ္ဍာရေးနှစ်အလိုက် ကတ္တရာလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့် ဘေလီတံတားများအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများနှင့် သဲတောင်နေရာများ၌ ကျောက်စီမြေထိန်းနံရံနှင့် ကျောက်စီ ရေမြောင်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း မြေပုံကားချပ်များနှင့် တကွ ရှင်းလင်းတင်ပြပြီး လမ်းအပိုင်းအလိုက် တာဝန်ခံအင်ဂျင်နီယာများက လမ်းတံတား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က တာကော်–မိုင်းပျဉ်း–ကျိုင်းတုံ ပြည်ထောင်စုကားလမ်းမကြီး ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သတ်မှတ်လမ်းအကျယ် ပေ ၃၀ မပြည့်မီသေးသည့် လမ်းကျဉ်းနေရာများကို သတ်မှတ်စံချိန်စံညွှန်းနှင့် အညီဖြစ်ရန် မြေသားလမ်း ချဲ့ထွင်ဆောင်ရွက်ရေး၊ လမ်းအကွေ့အတက် လမ်းကျဉ်းနေရာများ၌ လမ်းသားချဲ့ထွင်ခြင်းနှင့် ကတ္တရာခင်းခြင်းကို အပိုင်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ မိုးတွင်းကာလ လမ်းပျက်စီးမှုများကို လမ်းအပိုင်းအလိုက် တာဝန်ခံများက အမြဲစစ်ဆေး ပြုပြင်ဆောင်ရွက်ရေး၊ လမ်းကြောင်းအပေါ်မှ တောင်ကျရေ တိုက်ရိုက်ဖြတ်သန်း စီးဆင်းသည့်နေရာများတွင် တိုက်ရိုက်ဖြတ်သန်း စီးဆင်းခြင်းမရှိအောင် ရေလမ်းကြောင်းလွှဲပေးခြင်းများဆောင်ရွက်ရေး၊ လမ်းဘေး ဝဲယာ ရေနုတ်မြောင်းများ အမြဲတမ်း ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရေး၊ လမ်းကြောင်းတစ်လျှောက် မြေသားနံရံမြင့်သည့် သဲတောင် နေရာများတွင် မြေပြိုကျမှုကို ကာကွယ်ရန်အတွက် အဆင့်ဆင့် မြေဖြတ်ထားရှိပြီး ကျောက်စီမြေထိန်းနံရံများ ထည့်သွင်းတည်ဆောက်ရန်နှင့် မြေထိန်းနံရံများ တည်ဆောက်ရာတွင် ရေထွက်ပေါက်ငယ်များ ထည့်သွင်းတည်ဆောက်ရေး၊ လမ်းကြောင်းတစ်လျှောက်တွင် တံတား၊ ရေပြွန်ထည့်ရန် လိုသည့်နေရာများ၌ တံတား၊ ရေပြွန်များထည့်သွင်း တည်ဆောက်ရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆက်လက်ထွက်ခွာခဲ့ရာ တုံတာတပ်နယ် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တုံတာတပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ တပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒို့တာဝန် အရေးသုံးပါးဦးထိပ်ပန်ဆင်၍ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စွာဖြင့် တိုင်းပြည်တာဝန်များအား ကျရာအခန်းကဏ္ဍမှ ကျေပွန်အောင် ထမ်းဆောင်ရေး၊ အမြင်လေးမြင်ရှိစွာဖြင့် နေထိုင်ဆောင်ရွက်ပြီး တပ်တည်ဆောက်ရေး (၄)ရပ်အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေး၊ ချမှတ်ထားသည့် ဥပဒေ၊ စည်းကမ်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို အလေးထားလိုက်နာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူလူထုနှင့်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလက်တွဲ ဆောင်ရွက်ရေး၊ တပ်တွင်းတပ်ပြင် စည်းရုံးရေးလုပ်ငန်းများ ပိုမိုခိုင်မာမှုရှိအောင် အကောင်အထည်ဖော်တည်ဆောက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင် မှာကြားကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးပြီး တပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တုံတာ–ကျိုင်းတုံ လမ်းအပိုင်း လမ်း၊ တံတား အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဆက်လက်ထွက်ခွာခဲ့ရာ မိုင်တိုင်အမှတ် (၃၈၆/၀)သို့ ရောက်ရှိကြပြီး မိုးတွင်းကာလ တောင်ကျရေများမှကြောင့် လမ်းကြောင်း ရေတိုက်စားမှုကို ယာယီ ဘေလီတံတား တည်ဆောက်၍ ဆက်သွယ်မှုမပြတ် ဆောင်ရွက်ထားရှိမှု၊ ကျောက်စီမြေထိန်းနံရံ ဆောင်ရွက်ထားရှိမှုနှင့် ကျောက်ရိုးစီ ကမ်းကပ်ခံဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်နယ် အင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တောင်ကျရေချောင်းမှ ရေများတံတားအတွင်းမှ ကောင်းမွန်စွာ ဖြတ်သန်းစီးဆင်းမှုရှိအောင် ဆောင်ရွက်ရေး၊ မြေထိန်းနံရံ၏ အတွင်းဘက်၌ ကျောက်ရောမြေများ ထပ်မံဖြည့်တင်းရေး၊ လက်ရှိယာယီဘေလီတံတားကို ကျောက်ရိုးစီ ကမ်းကပ်ခံပေါ်သို့ ရွှေ့ပြောင်း ဆောင်ရွက်၍ သွားလာမှု လွယ်ကူအဆင်ပြေအောင်စီမံဆောင်ရွက်ရေး မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လမ်းကြောင်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ ဆက်လက်ထွက်ခွာခဲ့ရာ မိုင်တိုင်အမှတ်(၃၈၉/၆) သဲတောင်နေရာသို့ ရောက်ရှိကြပြီး မိုးရွာသွန်းမှုကြောင့် ကားလမ်းကြောင်းပေါ်သို့ကျရောက်လျက်ရှိသည့် တောင်ပြိုမြေများအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စက်၊ ယာဉ်၊ ယန္တရားများဖြင့် ဖယ်ရှား ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဆက်လက်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ကျိုင်းတုံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ တာကော်–မိုင်းပျဉ်း–ကျိုင်းတုံလမ်းမှာမိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စု ကားလမ်းမကြီး၌ အပိုင်းတစ်ပိုင်းအဖြစ်ပါဝင်ပြီး အရှည် ၁၁၄မိုင်ရှိ၍ ၁၂ပေ အကျယ် ကတ္တရာလမ်းအဖြစ် ခင်းကျင်းဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ရာ ယခုအခါ တာကော်မှ မိုင်းပျဉ်းသို့ ယာဉ်မောင်းချိန် နှစ်နာရီခွဲခန့်နှင့် မိုင်းပျဉ်းမှ ကျိုင်းတုံသို့ သုံးနာရီခန့် စုစုပေါင်းငါးနာရီခွဲခန့်သာ ကြာမြင့်သည့်အတွက် ခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာဖြင့် စိတ်အေးချမ်းသာစွာ သွားလာလျက်ရှိကြောင်းနှင့် ကုန်စည်သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများ လွယ်ကူမြန်ဆန်စွာဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဝအသိ

☆ မငြိမ်းချမ်းခြင်း
ရန်စစ်ခင်း၍၊ သေမင်းခေါ်သံ
နာခံနေရ၊ ဘဝထွေထွေ
သူတို့တွေကို၊ ကြေကွဲစာနာ
ကရုဏာပွားရ . . . .။

☆ ငြိမ်းချမ်းခြင်းနှင့်
လွတ်လပ်ခြင်း အရသာ
မျှကာခံစား၊ ဒို့များဘဝ
လွန်အားရ။

☆ ဘဝမျက်တွေ့၊ ယှဉ်၍ကြည့်ပါ
ဘာဖြစ်သင့်သလဲ၊ သဲကွဲသိရှိ
အဖြေသိ . . . .။

☆ တိုင်းရင်းသားချင်း၊ ရင်းနှီးယုံကြည်
ပြည်ထောင်စုအကျိုး . . . .
သယ်ပိုးစည်းလုံး၊ ချစ်ထုံးဖွဲ့သီ
လက်တွဲညီ . . . .
ကမ္ဘာတည်သရွေ့ ခိုင်မြဲစေ . . . .။

ခြိမ့်နိုင်

တနင်္သာရီတိုင်းရှိ နေရာဒေသအချို့၌ ရေကြီး ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့

ရန်ကုန် ဩဂုတ် ၁၈

တနင်္သာရီတိုင်း၌ ဩဂုတ် ၁၆ရက်တွင် မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းမှုကြောင့် နေရာဒေသအချို့၌ ရေကြီးရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းမှုကြောင့် မြိတ်မြို့ကျွဲကူးတံတားအနီးရှိ လမ်းပိုင်းအချို့နေရာ၌ ချို့ယွင်းပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

တနင်္သာရီမြစ်ရေသည် သာမန်ရေမျက်နှာပြင်အထက်ပေ(၃၀)(၅)လက်မသို့ ရောက်ရှိနေသဖြင့် တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်နှင့် ချောင်းငယ်ရပ်ကွက်တို့၌ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရာ အိမ်ထောင်စုဝင်အချို့အား ရွှေ့ပြောင်းနေရာချထားပေးကြောင်းနှင့် တနင်္သာရီမြို့နယ်ရှိ အခြေခံပညာကျောင်းအချို့ကိုလည်း ခေတ္တပိတ်ထားပေးကြောင်းသိရသည်။

လေညှာမြစ်ရေကြောင့်လည်း လေညှာကျေးရွာနှင့် မဏ္ဍိုင်ကျေးရွာတို့၌ ရေကြီးမှုများဖြစ်ပေါ်ခဲ့သဖြင့် အိမ်ထောင်စုဝင်အချို့အား ရေလွတ်ရာသို့ရွှေ့ပြောင်းနေရာချထားပေးခဲ့သည်။

အဆိုပါရေကြီးနစ်မြုပ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ အသေအပျောက်မရှိကြောင်းနှင့် တာဝန်ရှိသူများက လုံခြုံရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်သဇင်နွယ်နှင့် အဖွဲ့ဝင်များ သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီးသို့ ငွေကျပ် ၃၇သိန်းတန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ကြီး လက်ခံစဉ်။

(မိခင်/ကလေး)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)မှ သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီးသို့ ဆေးနှင့်ဆေးပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်သဇင်နွယ်နှင့် အဖွဲ့သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီးသို့ သွားရောက်၍ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ငွေကျပ် ၃၇သိန်း တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမောင်မောင်ကြီးက လက်ခံ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲသို့ ရန်ကုန်တိုင်းနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဝင်များ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုအုပ်များနှင့် ဆရာမများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ဩဂုတ် ၁၈ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး မစ္စတာ တာကီ၊ ဘင်၊နာဂျီ၊အဗ္ဗဒူ၊ကာဒါ၊အယ်လ်၊အလီအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း–ကျောဖုံး)

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံးအဆောက်အအုံ အုတ်မြစ်စီအခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်း မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်အနီးရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံး မြေနေရာ၌ ကျင်းပသည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံး အဆောက်အအုံ ဆောက်လုပ်ခြင်း အုတ်မြစ်စီ မင်္ဂလာအခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ရတနာကိုးပါး ရတနာငွေကြုတ်ကို အုတ်မြစ်တော်အလယ်ဗဟို၌ ထည့်သွင်းမြှုပ်နှံပေးကာ အလှူငွေများကိုလက်ခံသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးချုပ်ခင်မောင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nobutake Odanoနှင့် သံရုံးအဖွဲ့ဝင်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း ဥက္ကဋ္ဌ ဦးစံသိန်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် လူမှုရေး အသင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းရုံး အဆောက်အအုံ ဆောက်လုပ်ခြင်း အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို အဆောက်အအုံ ဆောက်လုပ်မည့် နေရာ၌ ကျင်းပရာ နိုင်ငံတော် ပြက္ခဒိန် အကြံပေးအဖွဲ့ဝင် မင်္ဂလာအခါတော်ပေးဆရာ ဦးကျော်က မော်ကွန်းကမ္ပည်းကျောက်စာကို ဖတ်ကြားသည်။

ယင်းနောက် မင်္ဂလာအချိန် ကျရောက်သည်နှင့် တစ်ပြိုင်နက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရတနာကိုးပါးငွေကြုတ်ကို အုတ်မြစ်တော်အလယ်ဗဟို၌ ထည့်သွင်း မြှုပ်နှံပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဦးဆောင်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့်တာဝန်ရှိသူများက ရတနာအုတ်များကို သတ်မှတ်နေရာများ၌ ထည့်သွင်းမြှုပ်နှံ၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက မော်ကွန်းကမ္ပည်းကျောက်စာကို ရတနာအုတ်များ အပေါ်၌ ဖုံးအုပ်ပေးကာ အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းရုံး အဆောက်အအုံ ဆောက်လုပ်ရန်အတွက် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို မူးယစ်ဆေးစွဲမှု နှစ်သိမ့်ဆွေးနွေးရေး နှင့် သင်တန်း အဆောက်အအုံခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်းက ရုံးအဆောက်အအုံဆောက်လုပ်ရေးနှင့် အလှူငွေ လက်ခံရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေထံ အလှူရှင်များဖြစ်ကြသော ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ငွေကျပ်သိန်း ၁၀၀နှင့် ရှိုင်းဟုတ်ကုမ္ပဏီမှ ဒေါက်တာ ဒေါ်ခင်ရီကိုယ်စား ဦးမောင်မောင်စံက ငွေကျပ် သိန်း ၁၅၀တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ နေဝင်းက ငွေကျပ် ၁၀သိန်း၊ ဦးမိုးမြင့်က ငွေကျပ်ငါးသိန်း၊ သာကေတမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ငွေကျပ် ၃၄၁၀၀၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်စိန်က ငွေကျပ် သုံးသိန်း၊ ပန်းဘဲတန်းမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း၊ ရွှေပုစွန်မုန့်တိုက်နှင့် ကချင်အထူးဒေသ(၂)တို့က ငွေကျပ် နှစ်သိန်းစီ၊ လှိုင်မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းက ငွေကျပ် ၁၆၁၅၀၀၊ ဒေါပုံမြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း က ငွေကျပ် ၁၃၀၀၀၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဗဟိုကော်မတီဝင် ဒေါက်တာတင်ထွန်းဦး နှင့် ပန်းဘဲတန်းမြို့နယ် အစ္စလာမ်သိပ္ပံတို့က ငွေကျပ်တစ်သိန်း စီတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ် သည်။

ထို့နောက် အလှူရှင်များဖြစ်ကြသော ကမာရွတ်မြို့နယ် နေ ဦးအောင်ဆန်း–ဒေါ်ရင်ရင်နှင့် လှိုင်သာယာ မြို့နယ် စက်မှုဇုန်တို့က ငွေကျပ်ငါးသိန်းစီ၊ M.K Co., Ltd. ၊ ဦးမြင့်စိုး (ဒုတိယရဲအုပ် စခန်းမှူး–အငြိမ်းစား)– ဒေါ်ရှင် မိနှောင်း မိသားစုနှင့် စမ်းချောင်းမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့က ငွေကျပ် သုံးသိန်းစီ၊ ကမာရွတ် မြို့နယ်နေ ဦးဝင်းမြင့်မိသားစု၊ ပန်းဘဲတန်းမြို့နယ်နေ ဦးဇော် မင်းအောင်နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မမရီ နှင့် သမီး ဒေါ်အေးသီတာတို့က ငွေကျပ်နှစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်း လင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်းနှင့် သမီး ဒေါ်ချိုချိုစိုးတို့က ငွေကျပ်နှစ်သိန်း၊ ငြိမ်းချမ်းရေး အကျိုးတော်ဆောင် ဦးခွန်မြတ်၊ ကချင်ခရစ်ယာန်ဓမ္မရိပ်သာ၊ ခြူးကုမ္ပဏီမှ ဦးစီတင်းလှိုင်၊ ပန်းဘဲတန်းမြို့နယ်မှ ဦးအဏ္ဏဝါရဲ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာဘသောင်း၊ Fukkan Co., Ltd.၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင် ရေးအသင်း ဗဟိုကော်မတီဝင် ဦးသာထွန်း၊ ပန်းဘဲတန်း မြို့နယ် ရွှေပန်းထိမ်ပစ္စည်းရောင်းဝယ်ရေးမှ ဦးကျော်မြင့်နှင့် ဦးထွန်းမောင်၊ ကမာရွတ်မြို့နယ်မှ ရွှေနဂါးဆီစက်၊ ကမာရွတ် မြို့နယ်မှ ဆမ်းမားပဲလေ့စ်ဟိုတယ်၊ ကမာရွတ်မြို့နယ်မှ ဦးဇော်မင်းဇင်၊ ကမာရွတ်မြို့နယ်မှ ဓနုဖြူဒေါ်စောရီ ထမင်း ဆိုင်၊ တောင်ဥက္ကလာပမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်း၊ တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ လမ်းမတော် မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းက ငွေကျပ် ၁၁၁၀၀၀၊ သန်လျင်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းက ငွေကျပ် ၁၀၅၀၀၀၊ ရွှေပြည်သာမြို့နယ် မူးယစ် ဆေးဝါး ဆန့်ကျင်ရေးအသင်းက ငွေကျပ် ၁၀၄၇၀၀၊ ရွှေမြယာအိမ်ရာ စီမံကိန်းမှ ဟာဂျီဦးမြင့်နိုင်နှင့် ဦးမောင်မောင်လေး–ဒေါ်မော်မော်လွင်တို့က ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ် လှူဒါန်းကြရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးချုပ် ခင်မောင်နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်းတို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ များ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းရုံး အတွက် ဆောက်လုပ်မည့် အဆောက်အအုံမှာ နှစ်ထပ် အဆောက်အအုံဖြစ်ပြီး ငွေကျပ် ၅၄၉သိန်းကျော် ကုန်ကျမည်ဖြစ်သည်။ လက်ခံရရှိပြီး အလှူငွေမှာ ငွေကျပ် ၃၆၉ သိန်းကျော်ဖြစ်ကာ အလှူရှင်များက လှူဒါန်းလိုပါက မြန်မာ နိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းရုံး အဆောက်အအုံဆောက်လုပ်ခြင်း အုတ်မြစ်စီ မင်္ဂလာ အခမ်းအနားတွင် မော်ကွန်းကမ္ပည်းကျောက်စာ ကို ရတနာအုတ်များအပေါ်၌ ဖုံးအုပ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတကာအမြင်နှင့်ပူးပေါင်း၊ အမျိုးသားရေးအသိနှင့် ကာကွယ်

ဘိန်းသည် မြန်မာ့ခေတ်ဦး စိုက်ပျိုးကုန်မဟုတ်ကြောင်း ပုဂံခေတ်ကျောက်စာတစ်ချပ်က ဖော်ပြထား၏။ ပုဂံမြို့ အာနန္ဒာဘုရားရှေ့ မောင်ချစ်စကုန်းမှရရှိသော မြေပုံဘုရား၏ နောက်ကျော၌ ပုဂံခေတ်တွင် စိုက်ပျိုးသော သီးနှံစာရင်းများပါရှိလေသည်။ ထိုစာရင်းတွင် ဘိန်းပင် မပါဝင်သဖြင့် မြန်မာ့ရှေးဦးခေတ်၌ ဘိန်းစိုက်ပျိုးမှု မရှိကြောင်း သိရလေသည်။ (၁၆)ရာစုအလယ်ခန့်တွင် မြန်မာနိုင်ငံအတွင်းသို့ ဒတ်ချ်နှင့် အင်္ဂလိပ်ကုန်သည်တို့သည် အရှေ့အိန္ဒိယကျွန်းစုမှ ဘိန်းကို တင်သွင်းခဲ့ကြသည်ဟု သိရသည်။ ဂျွန်ပင်ကာတန်ဆိုသူ၏ ခရီးသွားမှတ်တမ်းများအရ ၁၅၈၀ ပြည့်နှစ်အတွင်းတွင် ပုသိမ်ဆိပ်ကမ်းမြို့နှင့် သန်လျင်ဆိပ်ကမ်းမြို့တို့သို့ အာရပ်ကုန်သည်များက သိုးမွေးထည်များ၊ ကတ္တီပါအဝတ်စများနှင့်အတူ သယ်ဆောင်လာသည်ဟု သိရသည်။

၁၈၂၇ခုနှစ်က အင်းဝကိုရောက်ရှိခဲ့သော ဂျွန်ကရော့ဖဒ်ကလည်း **"မြန်မာအစိုးရလက်ထက်တွင် ယစ်မျိုးခွန်ဟုကောက်ခံမှုမရှိ၊ မြန်မာလူမျိုးတို့သည် ၎င်းတို့၏ဥပဒေများက တင်းကျပ်စွာ တားမြစ်ထားသောကြောင့် လည်းကောင်း၊ သာသနာရေးအရလည်းကောင်း အရက်၊ ဘိန်းနှင့် အခြားမူးယစ်ဆေးဝါးများကို သုံးစွဲလေ့မရှိကြချေ"**ဟု ရေးသားဖော်ပြထားသည်။ သီပေါမင်းလက်ထက်တွင် **"ယစ်မျိုးငါးပါးဥပဒေ"**ဟူ၍ ဥပဒေတစ်ရပ် ပြဋ္ဌာန်းလျက် ယစ်မျိုးငါးပါးသုံးစွဲခြင်းကို လုံးဝပိတ်ပင်တားမြစ်ခဲ့သည်။ မြန်မာမင်းများလက်ထက်တွင် အခွန်အရပ်ရပ်ကောက်ခံရာ၌ ယစ်မျိုးခွန်ဟူ၍ သတ်မှတ်ကောက်ခံခြင်း မရှိကြောင်း တွေ့ရသည်။

နယ်ချဲ့အင်္ဂလိပ်တို့အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ပြီးနောက် ရန်ကုန်မြို့ရှိ အင်္ဂလိပ်လက်အောက်ခံ စီးပွားရေးအဖွဲ့အစည်းများက အစိုးရအနေဖြင့် ဘိန်းကို လိုင်စင်နှင့်ရောင်းချခြင်းအားဖြင့် ဘိန်းမှောင်ခိုလုပ်ငန်းကို ထိန်းသိမ်းရာလည်းရောက်သည်၊ အခွန်ငွေလည်းရသည်ဟု ယူဆတင်ပြခဲ့ကြသည်။ ယင်းသို့ ကိုလိုနီစီးပွားရေး အမြတ်ထုတ်လိုမှုက မြန်မာ့လူ့ဘောင်၏ လူမှုရေးအကျိုးစီးပွားကို ဖျက်ဆီးခဲ့လေသည်။

၁၈၇၈ ခုနှစ် ဘိန်းအက်ဥပဒေ၊ ၁၉၁၇ ခုနှစ် ယစ်မျိုးဥပဒေ၊ ၁၉၃၀ ခုနှစ် ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေတို့သည် အင်္ဂလိပ်အစိုးရ၏ ဥပဒေများဖြစ်သည်။ ထိုဥပဒေများသည် ဘိန်းထုတ်လုပ်သုံးစွဲမှုကို တားဆီးတိုက်ဖျက်သည့် ဥပဒေများမဟုတ်ဘဲ ဘိန်းကို အင်္ဂလိပ်အစိုးရထံ လိုင်စင်မယူဘဲ ထုတ်လုပ်ဖြန့်ဖြူးသုံးစွဲသူများကို နှိပ်ကွပ်သည့်ဥပဒေများသာဖြစ်လေသည်။ အင်္ဂလိပ်အစိုးရသည် ယစ်မျိုးခွန်ဟု သီးခြားပြဋ္ဌာန်းလျက် ယစ်မျိုးဌာနကြီးတစ်ခု ထူထောင်၍ ငွေရှာပွဲကြီး ပြုလုပ်ခဲ့လေသည်။

၁၉၃၅ – ၁၉၃၆ ခုနှစ် မြန်မာနိုင်ငံ အုပ်ချုပ်ရေးအစီရင်ခံစာတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လိုင်စင်ရဘိန်းဆိုင် ၁၂၁ ဆိုင်ရှိကြောင်း ဖော်ပြထားသည်။ ဒေါက်တာဂရစ်ဖစ် (Dr. Griffihs) ဆိုသူသည် ၁၈၃၇ ခုနှစ်တွင် အာသံမှ အင်းဝသို့ဆင်းလာစဉ် ဟူးကောင်းနှင့် မိုးကောင်းတောင်ကြားဒေသများ၌ ဘိန်းပင်များ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိနေပြီဟုဆိုသည်။ တောင်ပေါ်သားများသည် ဘိန်းကို သုံးစွဲခြင်း၊ အခြားပစ္စည်းများနှင့် ဖလှယ်ခြင်း၊ လက်ဆောင်ပေးခြင်းစသည်ဖြင့် အသုံးပြုနေကြသည်ဟု ရေးသားဖော်ပြထားလေသည်။

၁၈၄၃ခုနှစ်တွင် လောဒ်အက်ရှလီက ဗြိတိသျှပါလီမန်တွင် အင်္ဂလန်နိုင်ငံသည် ခရစ်ယာန်နိုင်ငံ တစ်နိုင်ငံအနေဖြင့် ကိုလိုနီနိုင်ငံများ၌ ဘိန်းကုန်ကူးခွင့်ပြုထားသည်မှာ နိုင်ငံ၏ဂုဏ်သိက္ခာနှင့်ကျင့်ဝတ်ကို များစွာထိခိုက်စေကြောင်း ထုတ်ဖော်တင်ပြခဲ့သည်။ သို့ရာတွင် အင်္ဂလန်သည် မိမိတို့လက်အောက်ခံကိုလိုနီနိုင်ငံများတွင် ဘိန်းကို တင်းကျပ်စွာတားမြစ်ခြင်းမပြုဘဲ အကောက်ခွန်ရရှိရေးကို ဦးစားပေး ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ပင်လုံစာချုပ်ကြီး ချုပ်ဆိုပြီးနောက် ပေါ်ထွက်လာသော Frontier Areas Committee of Enquiry၏ ၂၄-၄-၄၇ရက်နေ့ အစီရင်ခံစာတွင် နယ်ချဲ့တို့၏ ပယောဂကြောင့် တောင်တန်းဒေသများတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွင်ကျယ်နေကြောင်းကို ဤသို့ဖော်ပြထားသည်။ "ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် လူဦးရေ ၈၂၇၀၀၀ ရှိ၍ မြန်မာ၊ ရှမ်း၊ ကုလား၊ တရုတ်၊ ပလောင်၊ "ဝ"နှင့် ကရင်လူမျိုးများနေထိုင်ကြောင်း၊ ကောင်းတုံနယ်မြေတွင် လူပေါင်းခြောက်ထောင်ခန့်တို့သည် ဘိန်းကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်နေကြကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ထိုကာလက လူဦးရေ ၆၈၀၀၀၀ ရှိ၍ ကိုးကန့်နှင့် သံလွင်ဒေသတစ်ဝိုက်တွင် ဘိန်းပင်ကို အဓိကစီးပွားရေးသီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်ကြောင်း၊ ဤနယ်ဒေသမှထွက်သောဘိန်းကို အစိုးရနှင့် ပြည်နယ်ဒေသမှ အမြောက်အမြား ဝယ်ယူကြကြောင်း၊ "ဝ"နယ်တွင် လူဦးရေ ၈၃၀၀၀ ရှိ၍ ထိုဒေသ၏ အဓိကထွက်ကုန်နှစ်ရပ်မှာ ဆန်စပါးနှင့် ဘိန်းဖြစ်ကြောင်း"ဖော်ပြထားခြင်းဖြစ်သည်။ ဤအချက်များအရ ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း)နှင့် "ဝ"နယ်တို့တွင် လွတ်လပ်ရေးမတိုင်မီကပင် ဘိန်းစိုက်ပျိုးထုတ်လုပ်ခဲ့ကြောင်း သိရပေသည်။

၁၉၄၉ခုနှစ်လောက်မှစ၍ တရုတ်ဖြူ ကေအမ်တီတပ်များ မြန်မာ့မြေပေါ်သို့ ဝင်ရောက်လာခဲ့ရာ ၁၉၅၃ခုနှစ်တွင် ကေအမ်တီတပ်သား ၁၂၀၀၀ မြန်မာနိုင်ငံအတွင်း ရောက်ရှိခဲ့ကြသည်။ ကေအမ်တီတို့က ၎င်းတို့ စီးပွားရေးနှင့် လက်နက်ခဲယမ်းဝယ်ယူနိုင်ရေးအတွက် ဘိန်းကို ကြားခံကုန်ပစ္စည်းအဖြစ် ဆောင်ရွက်ခဲ့သည်။ ဒေသခံ မြန်မာတိုင်းရင်းသားများအား ဘိန်းကို အခမ့်စိုက်စေခြင်း၊ ဘိန်းဖြူအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ၁၉၆၁ခုနှစ်တွင် မြန်မာ့တပ်မတော်သည် တရုတ်ဖြူတပ်များကို မြန်မာ့မြေမှ အပြီးတိုင်ချေမှုန်းတိုက်ထုတ်ခဲ့သည်။ ထိုအခါ တရုတ်ဖြူ အကြွင်းအကျန်တို့သည် မြန်မာ–လာအို–ထိုင်းနယ်စပ်ဒေသတွင် ခိုကပ်ပြီး မူးယစ်ဆေးဝါးလုပ်ငန်းကို ဆက်လုပ်ခဲ့ကြသည်။ ထိုဒေသကို ရွှေတြိဂံဒေသဟု ခေါ်တွင်ပြီး ထွက်ရှိသောဘိန်းကို ထိုင်းနိုင်ငံမှတစ်ဆင့် အနောက်ဥရောပနှင့် အမေရိကန်သို့ သယ်ယူတင်ပို့ခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့် ဒေသခံများမှာ နယ်ချဲ့နှင့် လက်ပါးစေတို့၏စနက်ကြောင့် မူးယစ်ဆေးဝါး၏ ညှို့ယူဖမ်းစားမှုကို ခံခဲ့ကြရပြီး မူးယစ်မှိုင်းမိကာ မြန်မာနိုင်ငံ နယ်စပ်ဒေသများ၌ မူးယစ်သံသရာ ရှည်ကြာခဲ့ရခြင်းဖြစ်လေသည်။

ခြင်ကျား(မအူပင်)

ထို့ကြောင့် မြန်မာနိုင်ငံတွင် ၁၉၇၄ခုနှစ်၌ **"မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ"** ကို ပြဋ္ဌာန်း၍ နယ်ချဲ့တို့ပျိုးထောင်ခဲ့သော မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ခဲ့ရသည်။ မြန်မာ့တပ်မတော်သည် စစ်ဆင်ရေးအလီလီဆင်နွှဲကာ မူးယစ်ဆေးဝါးအန္တရာယ်ကို အသက်၊သွေး၊ချွေး စတေး၍ ကာကွယ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ၁၉၇၅ခုနှစ်မှစ၍ ဘိန်းနှင့် အခြားမူးယစ်ဆေးဝါးပင်များကို စစ်ဆင်ရေးအသွင်ဖြင့် ဖျက်ဆီးတိုက်ဖျက်ခဲ့သည်။ ကောက်ရိုးစစ်ဆင်ရေး(၁)နှင့်(၂)၊ ဇင်နုစစ်ဆင်ရေး၊ မိုးကြိုးစစ်ဆင်ရေး၊ ဖရဲသီးစစ်ဆင်ရေး၊ ပေါက်ပန်းစစ်ဆင်ရေး၊ တော်ဝင်စစ်ဆင်ရေး၊ ငရဲပန်းစစ်ဆင်ရေး၊ ဒေသန္တရစစ်ဆင်ရေး၊ ရဲမင်းအောင်စစ်ဆင်ရေး၊ မိုးဟိန်းအဆင့်(၁)မှ(၄)အထိ စစ်ဆင်ရေးများနှင့် တောင်ထိပ်ပန်းစစ်ဆင်ရေးတို့ပင်ဖြစ်သည်။

၁၉၈၈ခုနှစ် မတိုင်မီက မူးယစ်ဆေးဝါးပပျောက်ရေးကို ဆောင်ရွက်ရာတွင် တားဆီးနှိမ်နင်းရေးကဏ္ဍကို အလေးထား ဆောင်ရွက်ခဲ့သည်။ ဘိန်းခင်းများ၊ ဘိန်းချက်စခန်းများကို စစ်ဆင်ရေးများဖြင့် တားဆီးပိတ်ဆို့ဖျက်ဆီးခဲ့သည်။ နှစ်ပရိစ္ဆေဒကြာမြင့်စွာ နယ်ချဲ့၏ပယောဂကြောင့် အမြစ်တွယ်နေသော မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုသည် တားဆီးနှိမ်နင်းရေးကဏ္ဍတစ်ခုတည်းဖြင့် ချုပ်ငြိမ်းပျောက်ကွယ်သွားလိမ့်မည်မဟုတ်ချေ။

ဘိန်းစိုက်တောင်သူများ ဘိန်းကိုစွန့်လွှတ်ရသည့်အခါ အစားထိုးဝင်ငွေရရှိရေး၊ အစားထိုးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝ မြင့်မားတိုးတက်ရေးတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးမှသာ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေး အောင်မြင်မည် ဖြစ်ပေသည်။ ထို့ကြောင့် ၁၉၈၈ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးဟူသော နည်းဗျူဟာသုံးရပ်ကို ချမှတ်၍ ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၃-၄-၉၉ ရက်နေ့တွင် "ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၊ ဘိန်းဖြင့် အသက်မွေးလုပ်ငန်းသည် သမ္မာအာဇီဝမဟုတ်ဘဲ လူသားမျိုးနွယ်ကို ပျက်စီးစေသည့် လူ့အဖွဲ့အစည်းအတွက် မကောင်းသော လုပ်ငန်းများဖြစ်သည်ဟူသော အသိတရားရရှိလာစေရေး"တို့အတွက် စည်းရုံးဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။

ဤလမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေးကို ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်သုံးစွဲသူများ၏ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မားတိုးတက်ပြောင်းလဲရေး၊ တောင်ပေါ်–မြေပြန့် တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာ ကူးလူးဆက်ဆံရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးတို့အတွက် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရက နယ်
များကို အရှိန် အဟုန်မြင့် ဆောင်ရွက်ပေးခဲ့ရ
ကျပ်သန်းပေါင်း ၈၄၇၅၀ ရင်းနှီးမြှုပ်နှံဆေ
ရပေသည်။နိုင်ငံတော်သည် တိုင်းရင်းသား
များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာ
စည်းရုံးရေးလုပ်ငန်းကို ဦးစားပေး ဆော

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပ
ဗျူဟာ၊ နည်းဗျူဟာများချမှတ်၍ ၁၉၉
ဆေးဝါး ပပျောက်ရေးစီမံကိန်းကို ချမှတ်
စီမံကိန်းကို ၁၉၉၉–၂၀၀၀ပြည့်နှစ်မှစ၍
တတိယငါးနှစ်စီမံကိန်းများဖြင့် ကာလသုံးပိုင်

ယခုကာလသည် (၁၅)နှစ်စီမံကိန်း
ကာလ၏ တတိယနှစ်ကို ရောက်ရှိနေပြီဖြ
ဒေသများ၌ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပ
သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေ
ပါဝင်ရေးအတွက် စည်းရုံးဆောင်ရွက်
ဆောင်ရွက်ရေးကဏ္ဍတို့တွင် ထိရောက်
ရရှိအောင် ဆောင်ရွက်နိုင်လျက်ရှိသည်ကို

မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)န
တစ်ရပ်အဖြစ် ဘိန်းစိုက်တောင်သူများကို
မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြ
နိုင်ရေးအတွက် ၂၀၀၂ ခုနှစ် ဧပြီလမှ
(New Destiny Project)ကို အကော
ခဲ့သည်။ ပန်းတိုင်သစ်စီမံကိန်းကို ဒုတိယ
ဆောင်ရွက်ခဲ့သောကြောင့် ဘိန်းစိုက်ပျိုးသ
သီးနှံများ စိုက်ပျိုးနိုင်ခဲ့ပြီး ဘိန်းစိုက်ပျိုး
လာခဲ့လေသည်။ ပန်းတိုင်သစ်စီမံကိန်း ဒေ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဖမ်းဆီ
များ အဌမအကြိမ် မီးရှို့ဖျက်ဆီးပွဲတွ
ဆက်စပ်ဓာတုဗေဒဆေးဝါးများအား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၃ – ၄ – ၉၉ ရက်နေ့တွင် "ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၊ ဘိန်းဖြင့် အသက်မွေးလုပ်ငန်းသည် သမ္မာအာဇီဝမဟုတ်ဘဲ လူသားမျိုးနွယ်ကို ပျက်စီးစေသည့် လူ့အဖွဲ့အစည်းအတွက် မကောင်းသောလုပ်ငန်းများဖြစ်သည်ဟူသော အသိတရား ရရှိလာစေရေး"တို့အတွက် စည်းရုံးဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။

ဤလမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေးကို ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်သုံးစွဲသူများ၏ခံယူချက်နှင့် စိတ်ဓာတ်မြင့်မားတိုးတက်ပြောင်းလဲရေး၊ တောင်ပေါ် – မြေပြန့် တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာ ကူးလူးဆက်ဆံရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးတို့အတွက် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးခဲ့သည်။



ယခုအခါ နိုင်ငံတော်အစိုးရက နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန် အဟုန်မြင့် ဆောင်ရွက်ပေးခဲ့ရာ (၁၇)နှစ်တာကာလအတွင်း ကျပ်သန်းပေါင်း ၈၄၇၅၀ ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရပေသည်။နိုင်ငံတော်သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်လာစေရန် အမျိုးသား ပြန်လည်စည်းရုံးရေးလုပ်ငန်းကို ဦးစားပေး ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်၍ ၁၉၉၉မှ ၂၀၁၄ခုနှစ်အထိ မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်းကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ၁၅ နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ပြည့်နှစ်မှစ၍ ပထမငါးနှစ်၊ ဒုတိယငါးနှစ်၊ တတိယငါးနှစ်စီမံကိန်းများဖြင့် ကာလသုံးပိုင်း လျာထားဆောင်ရွက်ခဲ့သည်။

ယခုကာလသည် (၁၅)နှစ်စီမံကိန်း၏ ဒုတိယငါးနှစ် စီမံကိန်းကာလ၏ တတိယနှစ်ကို ရောက်ရှိနေပြီဖြစ်သည်။ ၁၅နှစ်စီမံကိန်းဝင်ဒေသများ၌ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ နယ်မြေလူထု ပူးပေါင်းပါဝင်ရေးအတွက် စည်းရုံးဆောင်ရွက်ရေး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတို့တွင် ထိရောက်အောင်မြင်မှုများ တိုးတက်ရရှိအောင် ဆောင်ရွက်နိုင်လျက်ရှိသည်ကို တွေ့ရလေသည်။

မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဘိန်းစိုက်တောင်သူများကို အစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ဘဝသစ် ထူထောင်နိုင်ရေးအတွက် ၂၀၀၂ ခုနှစ် ဧပြီလမှစပြီး ပန်းတိုင်သစ်စီမံကိန်း (New Destiny Project)ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ပန်းတိုင်သစ်စီမံကိန်းကို ဒုတိယဝန်ကြီး လေးဦးဖြင့် ကြီးကြပ်ဆောင်ရွက်ခဲ့သောကြောင့် ဘိန်းစိုက်ပျိုးသည့်နယ်မြေများ၌ အစားထိုးသီးနှံများ စိုက်ပျိုးနိုင်ခဲ့ပြီး ဘိန်းစိုက်ပျိုးမှု သိသိသာသာ ကျဆင်းလာခဲ့လေသည်။ ပန်းတိုင်သစ်စီမံကိန်း အောင်မြင်စေရန် ပန်းတိုင်သစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ ဆဋ္ဌမအကြိမ် မီးရှို့ဖျက်ဆီးပွဲတွင် မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ဓာတုဗေဒဆေးဝါးများအား တွေ့ရစဉ်။

ပန်ဆန်းမြို့ရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) ဘိန်းအစားထိုးသီးနှံစိုက်ခင်းများကို တွေ့ရစဉ်။

စီမံကိန်းကြီးကြပ်ရေးအဖွဲ့ (Task Force) ကိုလည်း ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် မိုင်းလားဒေသသည် ၁၉၉၇ ခုနှစ်တွင်လည်းကောင်း၊ ကိုးကန့်ဒေသသည် ၂၀၀၃ ခုနှစ်တွင် လည်းကောင်း၊ "ဝ" ဒေသသည် ၂၀၀၅ခုနှစ်တွင်လည်းကောင်း ဘိန်းကင်းမဲ့ဇုန်အဖြစ် တရားဝင်ကြေညာနိုင်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည့် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းကို ရန်ကုန်မြို့တွင် ၂၀၀၆ ခု ဇွန်လ ၂၆ ရက်နေ့အထိ အကြိမ်(၂၀)တိုင်တိုင် ဆောင်ရွက်နိုင်ခဲ့သည်။ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးနှင့် ဓာတုဆေးဝါးများကိုလည်းကောင်း ဘိန်းစိုက်သူများက အသိမှန်၊ အမြင်မှန်ရရှိ၍ အပ်နှံခဲ့သော ဘိန်းမျိုးစေ့များကို လည်းကောင်း ရန်ကုန်မြို့တွင်သာမက နယ်စပ်ဒေသများ၌လည်း မီးရှို့ဖျက်ဆီးခဲ့သည်မှာ (၄၁)ကြိမ်အထိ ရှိခဲ့ပြီဖြစ်သည်။ (၁၉)ကြိမ်မြောက် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ရန်ကုန်မြို့၌ မီးရှို့ဖျက်ဆီးပြီးနောက်ပိုင်းကာလတွင် နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးများကို အကြိမ်ကြိမ် မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၂၂ရက် တစ်ရက်တည်းတွင် ကချင်ပြည်နယ် လိုင်ဇာမြို့နှင့် လွယ်ဂျယ်မြို့ နှစ်နေရာတွင် ဖျက်ဆီးခဲ့သည့်အပြင် ၂၀၀၆ ခုနှစ် ဧပြီလ ၂၆ရက်နေ့တွင်လည်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မီးရှို့ဖျက်ဆီးမှုပြုလုပ်နိုင်ခဲ့သည်။ ထို့ပြင် ၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးခြင်းကို လဲချားမြို့၌ ကျင်းပနိုင်ခဲ့လေသည်။ ၁၄-၈-၂၀၀၆ ရက်နေ့ကလည်း ရှမ်း ပြည်နယ်(အရှေ့ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ဆဋ္ဌမအကြိမ် မီးရှို့ဖျက်ဆီးပွဲကို ကျိုင်းတုံမြို့၌ ကျင်းပခဲ့သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၏ ၂၀၀၅ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၌ မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုတိုင်းတာရာတွင် ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ၆၁ရာခိုင်နှုန်း ကျဆင်းကြောင်းဖော်ပြထားသည်။ အမေရိကန်နိုင်ငံ Counter Narcotic and Crime = CNC နှင့် ဘိန်းအထွက်နှုန်းတိုင်းတာရေး ပူးပေါင်းဆောင်ရွက်သည့် စာရင်းဇယားများအရ ၁၉၉၆ ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ၂၀၀၄ခုနှစ် ဘိန်းစိုက်ပျိုးမှုမှာ ၈၁ ရာခိုင်နှုန်းကျဆင်းပြီး ဘိန်းထုတ်လုပ်မှု ၈၈ရာခိုင်နှုန်း ကျဆင်းသည်ဟု တရားဝင်ဖော်ပြထားပေသည်။

UNODC နှင့် ပူးပေါင်းဆောင်ရွက်သည့် ဘိန်းတိုင်းတာရေးလုပ်ငန်းအရ ၂၀၀၄ ခုနှစ် ဘိန်းစိုက်ပျိုးမှုတွင် ၂၀၀၃ ခုနှစ်ကထက် ၂၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ် ဘိန်းစိုက်ပျိုးမှုတွင် ၂၀၀၄ ခုနှစ်ကထက် ၂၆ ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး ၁၉၉၆ ခုနှစ်ကထက် ၇၃ ရာခိုင်နှုန်း ကျဆင်းသည်ဟု အောက်တိုဘာလ ၁၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာသွားပေသည်။

ဖမ်းဆီးနှိမ်နင်းမှုအပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးရေး ဗဟိုကော်မတီ စတင်ဖွဲ့စည်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ၁၉၇၆ခုနှစ်မှ ယနေ့အချိန်အထိ ဖမ်းဆီးရမိ ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွဆေးနှင့် ဓာတုပစ္စည်းအပါအဝင် ခန့်မှန်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၇၃၅ ဘီလီယံရှိကြောင်း သိရပေသည်။

၂၀၀၄ခုနှစ် ဇူလိုင်လတွင် မွန်ပြည်နယ် ရေးမြို့နယ် နှစ်ကရင်ရွာနား၌ နိုင်ငံတကာရေပြင်မှတစ်ဆင့် အနောက်နိုင်ငံသို့ ခိုးထုတ်သွားမည့် ဘိန်းဖြူဘလောက်တုံး အလေးချိန် ၅၉၂ ဒသမ ၅ ကီလို ဖမ်းဆီးရမိခဲ့သည်။ ငွေကြေးပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၇၄ သန်းဖိုးရှိပေသည်။ ထို့ဖြစ်စဉ်တွင် ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်သွားသော တရားခံများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းသတင်းဖလှယ် ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေအရ အရေးယူပြစ်ဒဏ်ချမှတ်နိုင်ခဲ့သည်။

၂၀၀၅ခုနှစ် မေလ ၂၄ရက်တွင် မူးယစ်ဗဟိုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် ယူနန်ပြည်နယ် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ရန်ကုန်မြို့၌ အိုက်စ် ၁၀၂ ဒသမ ၅ ကီလို တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၅ သန်းနှင့်တကွ နိုင်ငံခြားသားများကို ဖော်ထုတ် အရေးယူနိုင်ခဲ့ပေသည်။

၂၀၀၅ခုနှစ် စက်တင်ဘာလ ၁၀ ရက်တွင် အမေရိကန်ဒေါ်လာ ၆၂သန်းကျော်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၄၉၆ကီလိုကို မူးယစ်ဗဟိုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ကော်မရှင်တို့၏ ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်သတင်းဖလှယ်၍ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပေသည်။

နိုင်ငံတကာ တားဆီးနှိမ်နင်းရေးအဖွဲ့များနှင့် သတင်းဖလှယ် ပူးပေါင်းဖော်ထုတ်ရာ၌ အောင်မြင်မှုများရှိသကဲ့သို့ ပြည်တွင်းတွင်လည်း ဒေသခံပြည်သူများ၏ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ထူးခြားစွာ ဆောင်ရွက်နိုင်မှုများလည်းရှိခဲ့သည်။ ၂၀၀၅ခုနှစ် ဇန်နဝါရီလတွင် မူးယစ်ဗဟိုနှင့် အထူးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်၌ အိုက်စ် ၁၇၈ကီလို တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၈ သန်းဖိုး ဖမ်းဆီးရမိခဲ့သည်။

၂၀၀၆ခုနှစ် မေလအတွင်းတွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) ဝမ်ယိမ်း၊ လဲချား၊ ဆီဆိုင်ဒေသတို့၌ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၉ သန်းဖိုးနှင့်ညီမျှသည့် ဘိန်းချက်စခန်းများကို သိမ်းဆည်းရမိခဲ့သည်။ ထိုဖြစ်စဉ်တွင် SSNA ခွဲထွက်အဖွဲ့ ဒုတိယဥက္ကဋ္ဌစစ်ဦးစီးချုပ် မောင်လုနှင့် သက်ဆိုင်ပြီး SSNA ခွဲထွက်အဖွဲ့နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားပြည်သူများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် ၂၀၁၄ခုနှစ်အရောက်၌ မူးယစ်ဆေးဝါး ပပျောက်ရမည်ဟု မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ ဤသို့ မူးယစ်ဆေးဝါးကို အမျိုးသားရေးအန္တရာယ်အဖြစ် သတ်မှတ်လျက် ဆောင်ရွက်ခဲ့သဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ ကျဆင်းလာခဲ့လေသည်။ သို့ရာတွင် သောင်းကျန်းသူ အကြွင်းအကျန်ဖြစ်သော SSA-S ရှုက်ဆစ်ဦးစီးသည့်အဖွဲ့သည် မူးယစ်ဆေးဝါးလုပ်ငန်းကို အာသာမဖြတ်နိုင်ဘဲ နယ်စပ်ဒေသများ၌ မူးယစ်ဆေးဝါးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း တွေ့ရှိရသည်။ ရှုက်ဆစ်အဖွဲ့သည် လွယ်တိုင်းလျှံစခန်းမှ ခြေကျင်ခရီးသုံးနာရီခန့်ရှိ ခမ်းပါဆိုသောနေရာ၌ ဘိန်းချက်စခန်းနှစ်ခုကို လျှို့ဝှက်ချက်လုပ်နေခဲ့သည်။ ထိုစခန်းနှစ်ခုကို "ဝ" တိုင်းရင်းသားအဖွဲ့က ပြီးခဲ့သည့် မေလ ၃၁ရက်တွင် ဖော်ထုတ်တိုက်ခိုက်သိမ်းပိုက်ပြီး ရှုက်ဆစ်၏ ဘိန်းရာဇာသရုပ်ကို ကမ္ဘာကသိအောင် ပြသလိုက်သည်။ **"ခမ်းပါ"ဆိုသောနေရာကို မြေပုံပေါ်တွင် ကြည့်လျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တည်ရှိနေကြောင်း တွေ့ရှိနိုင်သည်။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဝင် ဒေသအဖြစ် နိုင်ငံတော်က သတ်မှတ်ဖော်ဆောင်ပေးနေသော "ဝ" တိုင်းရင်းသားများ၏ ဒေသသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) ဖြစ်သည်။ ထို့ကြောင့် "ခမ်းပါ"သည် ရှမ်း(မြောက်) အထူးဒေသ(၂) အတွင်းမှမဟုတ်ဘဲ နယ်စပ်ကို ခွထိုင်နေသော SSA-S ရှုက်ဆစ်အဖွဲ့ အခြေပြုထားရာ လွယ်တိုင်းလျှံစခန်းမှ လက်လှမ်းတမီနေရာ၌ ရှိနေကြောင်း ပေါ်လွင်ထင်ရှားစွာ တွေ့ရှိနိုင်ပေသည်။** ရှုက်ဆစ်ကဲ့သို့ ဘိန်းရာဇာတစ်ဦးကို ပြည်ပဆရာကြီးများက အမျိုးသားရေးစင်၌တင်၍ အသုံးချနေခြင်းသည် နိုင်ငံတကာမှပင်စိတ်ပါဝင်စားစွာ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းအား ပူးပေါင်းဆောင်ရွက်နေသည်ကို မျက်ကွယ်ပြုရာလည်း ကျလေသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ သမိုင်းဖော်ပြချက်အရ မူးယစ်ဆေးဝါးသည် မြန်မာ့မြေတွင် စတင် အလေ့ကျပေါက်ဖွားခဲ့သည်မဟုတ်ဘဲ နယ်ချဲ့တို့၏ပယောဂကြောင့် ဖြစ်ထွန်းခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရလေသည်။ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတကာနယ်ပယ်နှင့်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများနှင့်လည်းကောင်း လက်တွဲပူးပေါင်း ဖြေရှင်းရမည့် ပြဿနာလည်းဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံက နိုင်ငံတကာ၏ အန္တရာယ်ဖြစ်သော မူးယစ်ဆေးဝါးရန်စွယ်ကို အမျိုးသားရေးအသိနှင့် ကာကွယ်တိုက်ဖျက်နေချိန်တွင် နိုင်ငံတကာကလည်း နိုင်ငံတကာအမြင်နှင့် ပူးပေါင်းဆောင်ရွက်ပါက ပိုမိုထိရောက် အောင်မြင်လိမ့်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသတည်း။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၈-၂၀၀၆

(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၁၀ ၆။ ဝမ်ပုံရေလှောင်တမံ
၈း၂၀ ၇။ အဆိုပြိုင်ပွဲ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Grammar Made Easy.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆည်းဆာ" (အပိုင်း-၁၂)**
၁း၁၅ ၇။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁း၂၅ ၈။ **"တို့တစ်ရွာလုံးချမ်းသာပြီ" (ဆန်းထွန်း၊သူသူဟံသာ၊ အကယ်ဒမီဇော်ဦး၊မိုးဒီ၊ ငွေတောင်၊တက္ကသိုလ်ဝွမ်းပုံ) (ဒါရိုက်တာ-တင်အောင်ရွှေ-သုတေသီ)**
၁း၅၅ ၉။ ခြံစည်းရိုးကြက်ဆူပင် သုတေသနစံပြဇေက (၁၀၀)စိုက်ခင်း
၂း၀၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၂၀ ၁၁။ မျှော်လင့်ခြင်းများစွာ၏ ရင်ခုံသံ(၁)
၂း၃၀ ၁၂။ **"မျှော်သူမမောစေချင်" (စိုးသီဟ၊ဆုပန်ထွာ၊ နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
၂း၄၀ ၁၃။ ရွှေလောင်းတံတား
၂း၄၅ ၁၄။ International News.
၃း၀၀ ၁၅။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၄း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၁၀ ၆။ နားဝင်ပီယံသူ့လက်သံ
၅း၂၀ ၇။ တေးဂီတအစီအစဉ်
၅း၃၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ Discevery
၆း၅၀ ၁၂။ အကပြိုင်ပွဲ
၇း၀၅ ၁၃။ ရုပ်မြင်ရသတေးစုကဏ္ဍ
၇း၂၀ ၁၄။ အတီးပြိုင်ပွဲ
၇း၃၅ ၁၅။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (ပညာရှင်အဆင့်) (အမျိုးသမီး)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာပန်းတိုင်" (အပိုင်း-၁၀)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ပြည်သူများ ကျန်းမာရေးအသိတိုးပွားရန် ကျေးလက်ဒေသအထိ ကွင်းဆင်းဆောင်ရွက်

✻ **ကျော့ဖုံးမှ**

အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများ၊ ကျိုင်းတုံမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်က ဟွေခါး–ဝမ်ပေါင်ကျေးရွာကတ္တရာလမ်းသစ်ဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဦးကျခူက ဟွေခါး–ဝမ်ပေါင်ကျေးရွာကတ္တရာလမ်း ဖွင့်လှစ်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့က ဟွေခါး–ဝမ်ပေါင် ကျေးရွာ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့် အတူ ဟွေခါး–ဝမ်ပေါင် ကျေးရွာကတ္တရာလမ်းသစ် တစ်လျှောက်ကို ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ ဟွေခါး–ဝမ်ပေါင် ကျေးရွာကတ္တရာလမ်းသစ်မှာအလျားပေ ၃၃၂၀၊ အကျယ် ၁၂ပေရှိပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)က ငွေကျပ် ၅၂ သိန်းငါးသောင်းနှင့် ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ်သိန်း ၁၀၀ ကျခံဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့သူနာပြုသင်တန်းကျောင်းသို့ရောက်ရှိကြရာ သင်တန်းကျောင်း–ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်းနှင့် သူနာပြုဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က သင်တန်းကျောင်း၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာများကို မေးမြန်း၍ လိုအပ်သည်များကို စီမံဆောင်ရွက်ပေးပြီး သူနာပြုသင်တန်းသူများအနေဖြင့် မိမိတို့တတ်ကျွမ်းသော မွန်မြတ်သည့် သူနာပြု ပညာရပ်ဖြင့် လူနာများအား နွေးထွေးကြင်နာစွာ ပြုစုစောင့်ရှောက်ရေး၊ ပြည်သူများ ကျန်းမာရေး အသိတရားများ တိုးပွားလာစေရန် စေတနာထား၍ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဌေးကြွယ်နှင့် ဆရာဝန်၊ သူနာပြုများက ကြိုဆိုကြသည်။

ကြိုတင်ကာကွယ်

ယင်းနောက် အတွင်းရေးမှူး(၁)က ကုသရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာများကို မေးမြန်း၍ လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ပေးပြီး လူတိုင်းကျန်းကျန်းမာမာဖြင့် အသက်ရှည်ရှည် နေနိုင်ရေးအတွက် ပြည်သူများအတွင်း ကျန်းမာရေး အသိပညာများ တိုးပွားလာစေရန် ကျေးလက်ဒေသအထိ ကွင်းဆင်းဆောင်ရွက်ရေး၊ ခေတ်မီကုထုံးနည်းပညာရပ်များကို လေ့လာဆည်းပူးရင်း ရောဂါကုသရေးလုပ်ငန်းများထက်မြက်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ ဒေသအတွင်းရာသီအလိုက် ဖြစ်ပွားတတ်သည့်ရောဂါများကို မဖြစ်ပွားမီကာလ ကတည်းကပင် ကျန်းမာရေးပညာပေးလုပ်ငန်းများနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရေး မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးရုံကြီး၌ ဆေးဝါးကုသမှု ခံယူတော်မူလျက်ရှိသော သက်တော်(၈၁)နှစ် ဝါတော်(၆၁)ဝါရှိ ကျိုင်းတုံမြို့ ကျိုင်းငမ်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဌိတပညော အား ဖူးမြော်ပြီး တာဝန်ရှိသူများအား ကျန်းမာရေးအခြေအနေကိုမေးမြန်းပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးဝါးကုသမှု ခံယူလျက်ရှိသော လူနာများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် ကျိုင်းတုံမြို့ အထွေထွေရောဂါကု ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဘောလုံးကွင်း

ထို့နောက်အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်ဘောလုံးကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကျိုင်းတုံဒီဂရီကောလိပ် နှစ်ထပ်စာသင်ဆောင် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပြည်နယ် အင်ဂျင်နီယာမှူး ဦးသောင်းဌေး၊ ကျိုင်းတုံဒီဂရီကောလိပ် ဒုတိယကျောင်းအုပ်ကြီး ဦးချစ်ဆွေနှင့် တာဝန်ရှိသူများက နှစ်ထပ်ဆောင် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး အတွင်းရေးမှူး(၁)က တည်ဆောက်ရေး လုပ်ငန်းများကို အချိန်မီပြီးစီးရေး မှာကြားသည်။

ကျိုင်းတုံဒီဂရီကောလိပ်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံဒီဂရီကောလိပ်သို့ ရောက်ရှိကြရာ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြနှင့်သရုပ်ပြ ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက်အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Conference Hall ၌ ဆရာ၊ ဆရာမများအား တွေ့ဆုံရာ ရှေးဦးစွာ ဒုတိယကျောင်းအုပ်ကြီး ဦးချစ်ဆွေက ကျိုင်းတုံဒီဂရီကောလိပ်၏ သင်ကြားရေးနှင့် စီမံရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြ၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ဖြည့်ဆည်း စီမံဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် တစ်ရပ်လုံးကို မျှမျှတတဖွံ့ဖြိုး တိုးတက်လာစေရအောင် ဦးတည် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အတွင်းရှိ ဒေသတစ်ခုချင်းအလိုက် ဖွံ့ဖြိုးလာမှသာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် အချက်အချာကျသည့် ဒေသကြီး ၂၄ခုကို ဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် သတ်မှတ်၍ တစ်နိုင်ငံလုံးရှိ ဒေသအားလုံးကို လွှမ်းခြုံပြီး ဟန်ချက်ညီညီဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခဲ့ကြောင်း၊ ရှမ်းပြည်နယ်တစ်ခုလုံး တစ်ပြိုင်နက်ဖွံ့ဖြိုးမှုများ ရရှိလာစေရန်အတွက်ကိုလည်းတောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုးနှင့် ပင်လုံဒေသ လေးခုကို ဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် သတ်မှတ်ဆောင်ရွက်ပေးခဲ့ကြောင်း။

အဆိုပါ ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုစီတွင် ခုတင် (၂၀၀)ဆံ့ အထူးကုဆေးရုံ၊ တက္ကသိုလ်၊ ကောလိပ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်တစ်ခုစီကို တည်ထောင်ဖွင့်လှစ်ပြီး ဒေသနေတိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ အဆင့်တိုးမြင့်လာအောင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးတို့အတွက် လိုအပ်မည့် လူ့စွမ်းအားအရင်းအမြစ်များကို ဒေသတွင်းမှာပင် စဉ်ဆက်မပြတ်မွေးမြူနိုင်အောင် စီမံဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း။

ဤနေရာတွင်တက္ကသိုလ်၊ ကောလိပ်များမှ ပညာသင်ကာလ ပြီးဆုံးမည့် ကျောင်းသား၊ ကျောင်းသူများသည် လက်တွေ့လုပ်ငန်းခွင်တွင် ဝင်ရောက်ကြတော့မည့်သူများ ဖြစ်ကြောင်း၊ အဆိုပါ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့်လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင် အရည်အသွေးပြည့်ဝသည့် ပညာရှင်များအဖြစ် ရပ်တည်သွားနိုင်စေရန် လေ့ကျင့်သင်ကြားပေးကြရန် မှာကြားလိုကြောင်း။

လေ့ကျင့်ပျိုးထောင်

ဆရာ၊ဆရာမများအနေဖြင့် မိမိတို့၏ တပည့်များအား အတတ်ပညာရပ်ပေးရုံသာမက ကိုယ်ကျင့် တရားကောင်းမွန်သူများ၊ ကျောင်းစည်းကမ်းကို လေးစားလိုက်နာသည့် အလေ့အကျင့်ကောင်းများ ရရှိပြီး ထိုမှတစ်ဆင့် အရပ်ဘက်စည်းကမ်းနှင့် နိုင်ငံတော်၏ စည်းကမ်းဥပဒေများကို လေးစားလိုက်နာထိန်းသိမ်းကြသည့် နိုင်ငံသားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

ထို့အပြင် မိမိတို့ တိုင်းရင်းသားအားလုံးသည် ပြည်ထောင်စုအတွင်း ရှေးနှစ်ပေါင်းများစွာကပင် အေးအတူပူအမျှအတူတကွလက်တွဲပြီး တစ်ဦးကိုတစ်ဦး စောင့်ရှောက်နေထိုင်လာခဲ့ကြသူများဖြစ်သည်နှင့်အညီ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ချစ်ခင်မြတ်နိုးသည့်စိတ်၊ နိုင်ငံတော်ကြီးအတွင်း မည်သည့်ဒေသ၊ မည်သည့်နေရာမှာပင် နေထိုင်ကြသည်ဖြစ်စေ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ညီညွတ်သည့်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ် ရှင်သန်တိုးပွားနေစေရအောင်၊ ပြည်ထောင်စုစိတ်ဓာတ်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ ဟွေခါး–ဝမ်ပေါင်ကျေးရွာ ကတ္တရာလမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကျိုင်းတုံမြို့ ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်တို့ ဟွေခါး–ဝမ်ပေါင် ကျေးရွာ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေး တိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်

❍ စာမျက်နှာ ၁၀ မှ

သာလျှင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် အမှန်ဖြစ်ကြောင်းကို မိမိတို့ တပည့်ကျောင်းသား၊ ကျောင်းသူများ ရင်တွင်းကိန်းအောင်း ရှင်သန်နေအောင် စည်းရုံးလေ့ကျင့်ပေးသွားကြရန် အထူးမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၅ရက် ညပိုင်းတွင် ကျိုင်းတုံမြို့ ခေမာရဋ္ဌရပ်တော်မှ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင် မွမ်းမံရေးလုပ်ငန်းများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ မဟာမြတ်မုနိ စေတီတော်သို့ ရောက်ရှိကြ၍ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး အတွင်းရေးမှူး(၁) သည် မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော် မြတ်အား ရွှေသင်္ကန်းများကို ကပ်လှူပူဇော်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)က စေတီတော် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ် ၁၆ရက် နံနက် ၈နာရီ ၁၀မိနစ်တွင် တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တပ်နယ်အတွင်းရှိ တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တပ်မတော်အရာရှိများ၊ တပ်ရင်း တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်များ၊ အိမ်ထောင်စုဝင်မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ကြရေး မှာကြားကာ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင် များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အစိုးရကွန်ပျူတာကောလိပ်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ) သို့ ရောက်ရှိကြရာ ခေတ္တကျောင်းအုပ် ဒေါက်တာ သီတာဝင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က ကျောင်း၏သင်ကြားစီမံကိန်းများကို မေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးသည်။ ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ)သို့ ရောက်ရှိကြရာ ခေတ္တကျောင်းအုပ် ဒေါက်တာ ရန်အောင်ဦးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြ၍ အတွင်းရေးမှူး(၁)က သင်ကြားစီမံကိန်းများကို မေးမြန်းပြီး နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြမည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်း အမြစ်များကိုပြုစုပျိုးထောင်ရာတွင် အရည်အချင်း ပြည့်ဝသူများအဖြစ်သာမက ကိုယ်ကျင့်တရားကောင်းမွန်သူများ၊ ဥပဒေစည်းမျဉ်းစည်းကမ်းကို လေးစားလိုက်နာကြသူများ၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စု စိတ်ဓာတ်ရှိသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်သွားကြရေးမှာကြားကာ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့သို့ ရောက်ရှိကြပြီး တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ပြန်လည် ရောက်ရှိကြသည်။

တွေ့ဆုံ

အတွင်းရေးမှူး(၁)၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် သူရဦးမြင့်မောင်တို့သည် ဩဂုတ် ၁၄ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ခန်းမ၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းလုံဆိုင်နှင့် အလုပ်အမှုဆောင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ သူနာပြုသင်တန်းသူများအား တွေ့ဆုံ၍ သူနာပြုနှင့် သားဖွား သင်တန်းကျောင်းအတွက်အလှူငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၌ တက်ရောက်သင်ကြားနေကြသူများသည် သင်တန်းပြီးဆုံးသည့်အခါ ကျေးလက်ဒေသနှင့် တောင်ပေါ်မြေပြန့်အနှံ့သွားရောက်၍ တိုင်းရင်းသားများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကိုအနီးကပ် စောင့်ရှောက်ပေးကြမည့် လူငယ်လူရွယ်များ ဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် လူငယ်လူရွယ်များ၏ စွမ်းအားကို ဂုဏ်ပြုသောအားဖြင့် ဤကဲ့သို့သင်တန်းကာလအတွင်း ပံ့ပိုးကူညီခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ကျိုင်းတုံမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ငွေပဒေသာပင်အတွက် အလှူငွေကျပ် ၁၀သိန်းနှင့် ရွှေနိုင်ငံဂျာနယ်များကို ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းဝင်းထံ ပေးအပ်ပြီး ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးသိန်းညွှန့်တို့သည် ဩဂုတ် ၁၅ရက် ညပိုင်းတွင် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အသင်းအလုပ်အမှုဆောင်များက အသင်းအလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြကြပြီး အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးသိန်းညွှန့်တို့က ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရေးတို့ကို မှာကြားကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ ကျိုင်းတုံမြို့ ခေမာရဋ္ဌရပ်တော်မှ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံဒီဂရီကောလိပ်တွင် ဆရာ၊ ဆရာမများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အစိုးရကွန်ပျူတာကောလိပ် (ကျိုင်းတုံ)တွင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ကျိုင်းတုံမြို့တွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား အမှာစကား ပြောကြားစဉ်။ (သတင်း–ကျော်ဖုံး)

(သတင်းစဉ်)

✧ **စာမျက်နှာ ၃ မှ**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသ အနေဖြင့် စိုက်ပျိုးရေးဖြစ်ထွန်းစေမည့် ရေခံမြေခံကောင်းများနှင့် နယ်မြေကျယ်ဝန်းမှုလည်း ရှိနေပါကြောင်း၊ ဒေသအတွင်း ဝမ်းစာရိက္ခာဖူလုံရေးအတွက် ဆန်စပါးစိုက်ပျိုးခြင်းအပြင် အချိန်တိုကာလအတွင်း အပိုဝင်ငွေရရှိစေမည့် ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်းစသည့် သီးနှံမျိုးစုံကိုလည်း စိုက်ပျိုးသွားရန်လိုကြောင်း၊ ထို့ပြင် ဒေသနေပြည်သူများအတွက် ရေရှည် အကျိုးဖြစ်ထွန်းစေနိုင်သည့် ရော်ဘာ၊ လက်ဖက် စိုက်ပျိုးရေးအတွက်ကိုလည်း ဝန်ထမ်းများက ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ပြည်သူများကို စည်းရုံး ဦးဆောင်ပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ဩဂုတ်လ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဩဂုတ် ၁၈

ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအားကောင်းနိုင်သည်။

မိုးအခြေအနေ

ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲအောက်ရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၈၀စင်တီမီတာ (ခြောက်ပေ) ခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၂၀စင်တီမီတာ (လေးပေ) ခန့်နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၉၀စင်တီမီတာ (သုံးပေ) ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၂၇၀စင်တီမီတာ (ကိုးပေ)ခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၂၁၀ စင်တီမီတာ (ခုနစ်ပေ) ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းချက်ထုတ်ပြန်ထားသည်။

တန်ချိန် ၂၇၅၀ ပါ စားအုန်းဆီသင်္ဘောရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံတော် အစီအစဉ်ဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့မှ စားအုန်းဆီများကို တင်သွင်းကာ ပြည်သူလူထုသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီတွင် စားအုန်းဆီ တန်ချိန် ၂၇၅၀ ပါ MT. Bergprai သင်္ဘောသည် ရန်ကုန်မြို့ရှိ ထီးတန်းဆိပ်ကမ်းသို့ ဆိုက်ကပ်လာရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဩဂုတ် ၂၀ ရက်တွင် စားအုန်းဆီတန်ချိန် ၃၀၅၀ ပါ သင်္ဘောတစ်စင်းနှင့် ဩဂုတ် ၂၃ ရက်တွင် စားအုန်းဆီတန်ချိန် ၂၉၀၀ ပါ သင်္ဘောတစ်စင်း ထပ်မံဆိုက်ကပ်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

The Commerce Journal အတွဲ(၆)၊ အမှတ်(၁၅)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၈

The Commerce Journal အတွဲ (၆)၊ အမှတ် (၁၅)ကို ဖြန့်ချိလိုက်ပြီးဖြစ်သည်။ အဆိုပါ ဂျာနယ်တွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဖွဲ့စည်း၊ ပို့ကုန်သွင်းကုန် အထောက်အကူပြု မြန်မာနိုင်ငံသားများဘဏ်၊ ဇူလိုင် နယ်စပ်ကုန်သွယ်မှုတိုးတက်၊ ပြည်ပပို့ကုန် မြန်မာ့ပုသိမ်ထီး၊ လိပ်ကျောက်ခွံဈေးကွက်၊ ခေါင်းဆောင်မှုအကြောင်း၊ အရှေ့အလယ်ပိုင်း ပြဿနာကြောင့် ရွှေဈေးတက်၊ ကိပ်တောင်းမှ မဟူရာအလှများ၊ ဂျပန်နိုင်ငံရဲ့ NGVS ကားများ၊ သစ်သီးမှည့်စေသည့် ဓာတုဆေးဝါးသုံးစွဲမှု၊ တရုတ်နိုင်ငံရဲ့ ဝင်ငွေခွန်၊ ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ဘောလုံးသမား (၁၀)၊ ကမ္ဘာ့ရွှေဈေးကွက် မျှော်မှန်းချက်၊ သရက်သီးဈေးကွက် သုတေသနစာတမ်း၊ ချမ်းသာနည်း ၁၀၀၊ ကျန်းမာရေး အထောက်အကူပြု ဂရိတ်ဖရသီး၊ ကင်ယွန်ဂျူး (ဂွီဒေါက်) အနုပညာဆု ၃၀ ကျော်ရ၊ ၂၀၀၆ ကိုရီးယားမယ်၊ တရုတ်ဇုန်မယ်ကမ္ဘာ၊ စတုရန်းပုံ ဖရဲသီး အင်္ဂလန်ဈေးကွက်ဝင် စသည့် သတင်းများအပြင် မောင်စူးစမ်း၊ ဒေါက်တာခင်မောင်ညို၊ မောင်တိုင်ပင်၊ အောင်သင်း၊ အောင်စိုး၊ MPM ဟံသာထွန်း၊ ကြည့်ရှုန်း၊ မောင်ပုဆိုးကြမ်းတို့၏ သုတရသစုံ ဆောင်းပါးများ၊ ပြည်တွင်းပြည်ပ ဈေးကွက်သတင်းများ၊ ဗေဒင်၊ ဟာသ၊ ရုပ်ရှင်သတင်းများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

NLD ပါတီနှင့် ပါတီလုပ်ငန်းများကို စိတ်ပါဝင်စားမှုမရှိ၊ ယုံကြည်သက်ဝင်မှုမရှိတော့၍ မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၃၃ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၁၈

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ထီဆိပ်ဘုရားစုကျေးရွာမှ ရပ်၊ ကျေး ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ အမှုဆောင် ဦးထွန်းကြွယ်၊ ဦးစိန်အေး၊ ဦးစိန်ဝင်း၊ ဦးမြင့်ဆွေ၊ မဗေကျေးရွာမှ ဒေါ်သန်းသန်းအေးနှင့် ဦးခင်မောင်သိန်း၊ မရဲအုန်းပင်စုကျေးရွာမှ အတွင်းရေးမှူးဦးမြင့်စိုး၊ ဦးခင်မောင်မြင့်၊ ဦးစန်းလွင်၊ သပြေချောင်းကျေးရွာမှ ဦးခင်မောင်စိုး၊ ဦးမျိုးမြင့်၊ ဦးသန်းထွေးတို့ အပါအဝင် ပါတီဝင် ၃၃ဦးတို့သည် ဇူလိုင် ၂၆ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ် ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် (NLD) ပါတီသည် နိုင်ငံနှင့်လူမျိုးအကျိုး ရေးရှုဆောင်ရွက်မှုမရှိသဖြင့် (NLD) ပါတီနှင့် ပါတီလုပ်ငန်းများကို စိတ်ပါဝင်စားမှုမရှိတော့ခြင်း၊ ယုံကြည်သက်ဝင်မှု မရှိတော့ခြင်းတို့ကြောင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

အင်တာနက်အား ကစားသတင်းများ

နိုင်ဂျီးရီးယားတိုက်စစ်မှူးကာနူး ပို့စ်မောက်အသင်းတွင်ကစားမည်

လန်ဒန် ဩဂုတ် ၁၈

ဖို့စ်မောက်အသင်းတွင် ပါဝင်ကစားရန် တစ်နှစ်သက်တမ်းရှိ သဘောတူညီချက်ကို တိုက်စစ်မှူးကာနူးက လက်မှတ်ရေးထိုးလိုက်ကြောင်း ဩဂုတ် ၁၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အသက် (၃၁)နှစ်အရွယ်ရှိ နိုင်ဂျီးရီးယားလူမျိုးကာနူးသည် ပို့စ်မောက်အသင်း၏ တိုက်စစ်အင်အားအတွက် အားဖြည့်ပေးနိုင်မည်ဟု မျှော်လင့်သည်။

တိုက်စစ်မှူးကာနူးသည် ပို့စ်မောက်အသင်းသို့ မရောက်မီ ဝက်စ်ဘရွန်းအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ ကာနူးသည် အာဆင်နယ်အသင်း၌လည်း ပါဝင်ကစားခဲ့သူဖြစ်ပြီး အာဆင်နယ်အသင်း၌ ရှိနေခဲ့စဉ်အတွင်း ၃၇ ဂိုးအထိ သွင်းပေးခဲ့သူဖြစ်သည်။ ***အင်တာနက်။***

ချန်ပီယံဆုဖလားရရန် အာဆင်နယ်ဂိုးသမား မျှော်မှန်း

လန်ဒန် ဩဂုတ် ၁၈

လာမည့်ဘောလုံးရာသီတွင် မိမိ၏အသင်း ချန်ပီယံဆုဖလားရရှိရန် လိုလားကြောင်း အာဆင်နယ်ဂိုးသမား ဂျင်းလေမန်းက ဩဂုတ် ၁၈ ရက်တွင် ပြောကြားလိုက်သည်။

ကြိုးပမ်း

အာဆင်နယ်အသင်းသည် လွန်ခဲ့သည့် ဘောလုံးရာသီတွင် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၌ စတုတ္ထနေရာကိုသာ ဆွတ်ခူးရယူနိုင်ခဲ့သည်။ သို့ရာတွင် လာမည့်ဘောလုံးရာသီ၌ ကစားပုံတိုးတက်လာမည်ဟု မိမိမျှော်လင့်ပြီး ချယ်လ်ဆီးအသင်းကို စိန်ခေါ်နိုင်ရန် မိမိတို့ ကြိုးပမ်းမည်ဖြစ်ကြောင်း ဂျင်းလေမန်းက ပြောကြားသည်။

အာဆင်နယ်အသင်းနည်းတူ မန်ချက်စတာယူနိုက်တက်အသင်းနှင့် လီဗာပူးအသင်းတို့ကလည်း ချယ်လ်ဆီးအသင်းအနေဖြင့် ချန်ပီယံဆုဖလားကို သုံးကြိမ်ဆက်တိုက် မရရှိစေရေးအတွက် ကြိုးပမ်းကြမည်သာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

ကွင်းလယ်ကစားသမား နက်ဗက် နိုင်ငံတကာဘောလုံးသမားဘဝမှ အနားယူ

အူချာစကီး ဟရာဒစ် (ချက်သမ္မတနိုင်ငံ) ဩဂုတ် ၁၈

ချက်သမ္မတနိုင်ငံအသင်းက ဆာဘီးယားအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်သည့် ချစ်ကြည်ရေးခြေစမ်းပွဲအပြီး ကွင်းလယ်ကစားသမား ပါဗယ်လ်နက်ဗက်သည် ၎င်း၏ နိုင်ငံတကာ ဘောလုံးသမားဘဝကို အဆုံးသတ်လိုက်ကြောင်း ဩဂုတ် ၁၈ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

၂၀၀၃ ခုနှစ်အတွက် ဥရောပ၏ အကောင်းဆုံးဘောလုံးသမားဆုရ နက်ဗက်သည် ပွဲကစားချိန် ပထမပိုင်းပြီးဆုံးခါနီးတွင် ၎င်း၏နေရာသို့ ဘောလုံးသမားတစ်ဦး အစားထိုးဝင်ရောက်လာချိန်၌ မျက်ရည်ဝဲကာရှိနေခဲ့သည်။

၁၈ ဂိုးသွင်းယူ

နက်ဗက်သည် ချက်သမ္မတနိုင်ငံ လက်ရွေးစင်အသင်းအတွက် နိုင်ငံတကာပွဲပေါင်း ၉၁ ပွဲတွင် ပါဝင်ကစားခဲ့ရာ၌ ၁၈ ဂိုးသွင်းယူခဲ့သည်။ ***အင်တာနက်။***

နိဗ္ဗာန်ရောက်ကြောင်းတရားတော် အသံလွှင့်ဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ရန်ကုန်တိုင်း ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိကက "ဗကဗြဟ္မာ၏ရှေးကပြုဖူးကုသိုလ်ထူးတရားတော်"ကို ဩဂုတ် ၂၂ရက် နံနက် ၇နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိဗ္ဗာန်ရောက်ကြောင်း တရားတော် အသံလွှင့် ဟောကြားမည်ဖြစ်သည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက် ကပ်လျက်တိုးချဲ့မြေနှစ်ကေဝယ်ယူရန် အတွက် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် အရာရှိအရာခံအကြပ်စစ်သည်မိသားစုများက အလှူတော်ငွေ ကျပ် ၂၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)



မဟာဗောဓိစေတီတော် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

ရှေးမြန်မာမင်းများ တည်ထားကိုးကွယ်ခဲ့သော မဟာဗောဓိစေတီတော်ကြီး၏ ထီးတော်၊ စိန်ဖူး တော်တို့ကို ဆရာလေးဒေါက်တာ မောင်ဦးနီနှင့် ဆရာလေးဒေါက်တာမမွဝိဇယတို့ ဦးစီး၍ ရွှေသင်္ကန်းကပ်လှူခြင်း၊ ထီးတော်အောင်မြင်စွာ တင်လှူနိုင်ခြင်း ရေစက်ချမင်္ဂလာနှင့် တိပိဋကဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု စစ်ကိုင်းဆရာတော်သဇ္ဇနာဘိဝံသ ထံမှ ဩဝါဒ အနုမောဒနာခံယူခြင်း အခမ်းအနားကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ ဓမ္မမောဠိဝိဟာရ သီလရှင်ကျောင်းတွင် ဩဂုတ် ၁၆ရက် နံနက် ၈နာရီက ကျင်းပခဲ့ကြောင်းသိရသည်။ (က–ပ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

MYANMAR TRACTORS LTD.
YOUR CATERPILLAR DEALER
(FOR LOCAL SERVICES ONLY)

MTL invites qualified, active and dynamic personnel for the following posts:

1. **Training Instructor (Machines)** .... 4 posts
   Education : M.E (Mech) or B.E (Mech)
2. **Internal Auditor** .... 1 post
   (a) Education : CPA
   (b) Experience : (5) years experience as Internal Auditor or Accounts Finance Manager in International or Joint Ventures Company.
3. **Applications Engineer (Machines & Power Systems)** .... 3 posts
   Education : M.E (Mech / E.P / E.C) or B.E (Mech / E.P / E.C)
4. **Trainee Applications Engineer (Machines)** .... 1 post
   Education : B.E (Mech)
5. **Parts & Service Representative** .... 2 posts
   Education : AGTI (Mech), or higher qualification
6. **Trainee Technical Communicator** .... 1 post
   Education : B.E (Mechanical)
7. **Mechanic / Electrician** .... 12 posts
   Education : B.Tech (Mech/ Elec) (or) AGTI (M.P / E.P / E.C)
8. **Assistant Order Analyst** .... 1 post
   (a) Education : Any Graduate
   (b) Experience : (3) years experience on import & export related shipping document handling.

Others Prerequisites
(i) Age Limit : (N0 1,2: Below 40 yrs, N0 5 : below 35 yrs, No 3, 4, 6, 7,8 : below 30 yrs)
(ii) Experience : Minimum 2 yrs experience in heavy machinery / Generator field
(iii) Male Only, Female may apply for No 2 and 8.
(iv) Have a valid driving license (except No 2 and 8), but not a must.
(v) Computer Literate & must be Fluent in English

Bio-Data : C.V with a recent photo, all Educational Certificates , Labour Registrations Card , Testimonials regarding character from Ward Peace & Development Council or Police Station and Testimonials from previous Employers especially last Employer.

Walk-in-interview will held at Y.M.C.A on 26.8.06 from 9:00 AM to 2:00 PM for all (except No. 7) and 27.8.06 from 9:00 AM to 2:00 PM for No. 7 . The Candidates must bring all original documents as mentioned above for interview. Person not matching with the required qualification & experience will not be interviewed.
Yangon Outstation candidates may attend Walk -in- interview or can send their bio-data to 16,Mya Mar Lar Lane, Thaketa Industrial Zone (Admin Department) latest by 30.8.06.

ပြည်သူ့ထံမှပေးစာ

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းရှင့်–

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ဒုစံပြရပ်ကွက် သီတာ(၁)လမ်းတွင် တစ်ရပ်ကွက်လုံးမှ ရေများစီးဝင်၍ ထွက်ပေါက်မရှိသဖြင့် ရေအိုင်သဖွယ်ဖြစ်နေပါသည်။**(အောက်ပုံ)** လမ်းသွားလမ်းလာများ ရေထဲမှဖြတ်၍ ခက်ခဲစွာ သွားလာနေကြရပါသဖြင့် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသွားလမ်းလာများ

ပုံနှိပ်စက်သံကြောင့် အိပ်စက်မရ

စာတည်းရှင့်–

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက် (၅၅)လမ်းထိပ်ရှိ ပုံနှိပ်စက်တစ်ခုမှာ ညဥ့်နက်သန်းခေါင်ကျော်သည်အထိ လုပ်ကိုင်နေပါသဖြင့် ပတ်ဝန်းကျင်နေသူများမှာ ကောင်းစွာအိပ်စက်၍ မရကြပါ။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား စိစစ်ကြပ်မတ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အိပ်မရသူ

(၄၆)လိုင်းကားများ စီးရေပြည့် ပြေးဆွဲပေးပါ

စာတည်းခင်ဗျား–

သုဝဏ္ဏ–ပန်းဆိုးတန်း ပြေးဆွဲလျက်ရှိသည့် မထသ(၄၆) ညပိုင်းကားများသည် ယခင်က သတ်မှတ်စီးရေအပြည့် ပြေးဆွဲပေးခဲ့သော်လည်း ယခုအခါ မူလကားစီးရေ၏ တစ်ဝက်ခန့်သာ ပြေးဆွဲနေပါ၍ ခရီးသည်များ သွားလာရေးအခက်အခဲတွေ့ကြရပါသည်။

သို့ဖြစ်ပါ၍ မထသ(၄၆) ညပိုင်းကားများ စီးရေပြည့် ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သုဝဏ္ဏသား**

ကျေးရွာအတွင်းမှ သားသတ်ရုံများ ဖယ်ရှားစေလို

စာတည်းခင်ဗျား–

မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ယင်းတော်ရွာမ ကျေးရွာအတွင်း၌ သားသတ်ရုံ ကိုးရုံရှိရာ နေ့စဉ် နေဝင်ချိန်မှ နောက်တစ်နေ့ မိုးလင်းအထိ သားသတ်လုပ်ငန်း လုပ်ကိုင်နေပါသဖြင့် ပတ်ဝန်းကျင်နေ ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ကျေးရွာအတွင်းမှ သားသတ်ရုံများအား ပြောင်းရွှေ့ဖယ်ရှားပါရန် တင်ပြအပ်ပါသည်။

ကျေးရွာသားများ

သားငါးအလေးချိန် မှန်ကန်စေချင်

စာတည်းခင်ဗျား–

ဖျာပုံဈေးကြီးအတွင်းမှ လိုင်စင်ရယူထားသည့် ဝက်သား၊ အမဲသား ဆိုင်များသည် သတ်မှတ်ဈေးထက် ပို၍ ရောင်းချလျက်ရှိသည့်အပြင် ငါး၊ ပုစွန်ဈေးသည်များကလည်း အလေးချိန်မပြည့်ဘဲ ရောင်းချနေကြပါသည်။

သို့ဖြစ်ပါ၍ အသားငါးများအား သတ်မှတ်ဈေးနှင့်အညီ အလေးချိန်မှန်ကန်စွာ ရောင်းချစေရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စားသုံးသူများ

ဖွဲ့မီးနှင့်ပြာများကျရောက်မှု ဆောင်ရွက်ပြီး

၁၃–၅–၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ လှိုင်သာယာမြို့နယ် ဇုန်(၇) ရန်ကြီးအောင်လမ်းရှိ အရက်ချက်စက်ရုံမှ ဖွဲ့မီးနှင့်ပြာများ ကျရောက်မှု ကြပ်မတ်ပေးစေချင် ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့တော်စည်ပင်**

ရေမြောင်းများ ပိတ်ဆို့နေမှု ဆောင်ရွက်ပြီး

၁၅–၇–၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မတ္တရာမြို့ အမှတ်(၂) မြို့သစ်ဈေး အရှေ့ဘက်ရှိ ရေမြောင်းများ ပိတ်ဆို့နေ ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

စည်းကမ်းနှင့်အညီ ဖြစ်စေလို

စာတည်းခင်ဗျား–

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ညောင်ပင်လေးပလာဇာ၏ (၁၆)လမ်းတိုဘက်ခြမ်းတွင် ဈေးရောင်းချခွင့်မရှိသော်လည်း လမ်းမတော်မျက်နှာစာရှိ ဆိုင်တစ်ဆိုင်နှင့် လမ်းမတော်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်တို့မှာမူ ဖွင့်လှစ်ရောင်း ချလျက်ရှိပါသည်။ **(အောက်ပုံ)** သို့ဖြစ်ပါ၍ စည်းကမ်းတကျဖြစ်စေရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသည်တစ်ဦး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီး ဖြစ်သော မစ္စတာ တာကီ၊ ဘင်၊ နာဂျီ၊ အဗ္ဗဒူ၊ ကာဒါ၊ အယ်လ်၊ အလီသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီး ဖြစ်သော မစ္စတာ တာကီ၊ ဘင်၊ နာဂျီ၊ အဗ္ဗဒူ၊ ကာဒါ၊ အယ်လ်၊ အလီက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

ဆရာ၊ ဆရာမများအနေဖြင့် တပည့်များအား အတတ်ပညာပေးရုံသာမက ကိုယ်ကျင့်တရားကောင်းမွန်သူများ ကျောင်းစည်းကမ်းမှတစ်ဆင့် နိုင်ငံစည်းကမ်းဥပဒေများကို လေးစားလိုက်နာသည့် နိုင်ငံသားများဖြစ်ရန် ပျိုးထောင်

မိမိတို့တိုင်းရင်းသားအားလုံး ပြည်ထောင်စုအတွင်း ရေးနှစ်ပေါင်းများစွာကပင် အတူတကွလက်တွဲနေထိုင်ခဲ့ ပြည်ထောင်စုစိတ်ဓာတ်သာလျှင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း တပည့်များကို စည်းရုံးလှုံ့ဆော်ပေး

နေပြည်တော် ဩဂုတ် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ် ၁၄ ရက်တွင် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်ခဲ့သည့် ဟွေခါး–ဝမ်ပေါင်ကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ကျိုင်းတုံမြို့၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်ပြီးစီးသွားသည့် ဟွေခါး–ဝမ်ပေါင်ကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉နာရီတွင် အဆိုပါ လမ်းထိပ်မုခ်ဦး၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အားပေးချီးမြှင့်သည်။

အဆိုပါ လမ်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကျိုင်းတုံ ဒီဂရီကောလိပ် နှစ်ထပ် စာသင်ဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယနေ့ မိုးလေဝသ

၁၉–၈–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။